ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ တနင်္လာနေ့၊ (8-9-2008) (၅၇၉၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၈) ကျင်းပ

နေပြည်တော် စက်တင်ဘာ ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၈)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမကြီး၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သတင်းထုတ်ပြန်ရေးကော်မတီဝင်များ ဖြစ်ကြသည့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ သတင်းထုတ်ပြန်ရေးကော်မတီ အဖွဲ့ဝင်များ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အထွေထွေမန်နေဂျာများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက ဦးလှထွေးနှင့် အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းရှိ ဂျာနယ်၊ မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ၂၀၀၈ ခုနှစ် ဇူလိုင် ၁ ရက်တွင် ရွှေပြည်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့် ဖော်ထုတ်ဖမ်းဆီးရမိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

(ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းပြောကြားချက်ကို ကျောဖုံးတွင် ဖော်ပြထားပါသည်။)

ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို နံနက် ၁၁ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများ၏ မေးမြန်းမှုနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြန်လည်ရှင်းလင်းချက်ကို စာမျက်နှာ- ၅ တွင် ဖော်ပြထားပါသည်။)

သတင်းစာရှင်းလင်းပွဲ အပြီးတွင် တက်ရောက်လာကြသော ပုဂ္ဂိုလ်များနှင့် ဧည့်သည်များသည် သတင်းစာရှင်းလင်းပွဲကျင်းပရာ ခန်းမကြီးအတွင်း ခင်းကျင်းပြသထားသည့် မျိုးဆက်သစ် မဟာမိတ်များအဖွဲ့ (New Generation for Democracy) (NGD)အား ဖော်ထုတ်ဖမ်းဆီးရမိမှုနှင့် **စာမျက်နှာ ၆ ကော်လံ ၁ သို့ ***

နှုတ်ခွန်းဆက်စကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၈)တွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၈)သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

ကြေးမုံ
The Mirror

၈-၉-၂၀၀၈
(တနင်္လာနေ့)

စာတတ်မြောက်မှုဝန်းကျင် အောင်မြင်ဖြစ်ထွန်းရေး ပြည်သူအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

၂၀၀၈ ခုနှစ် စက်တင်ဘာလ ၈ ရက်(ယနေ့)သည် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ဖြစ်သည်။ ကမ္ဘာတစ်ဝန်း၌ စာတတ်မြောက်ရေးအခမ်းအနားများကျင်းပ၍ လူတိုင်းစာတတ်မြောက်ရေး လှုပ်ရှားမှုများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန် အားပေးတိုက်တွန်းလျက်ရှိသည်။

မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို ပုဂံခေတ်ကာလကပင် ကြိုးပမ်းခဲ့သည်။ ၁၈၈၆ ခုနှစ် မတိုင်မီက စာတတ်မြောက်မှု ၈၅ ရာခိုင်နှုန်းရှိခဲ့သော်လည်း နယ်ချဲ့ကိုလိုနီတို့ အုပ်ချုပ်မှုခံခဲ့ရစဉ်က လူထုအတွင်း စာမတတ်သူများ ရှိလာခဲ့သည်။

မြန်မာတို့သည် စာပေပညာကို မြတ်နိုးခုံမင်ကြသည်နှင့်အညီ စာတတ်မြောက်ရေးလုပ်ငန်းများကို ခေတ်ကာလအလိုက် ဆောင်ရွက်လာခဲ့ကြသည်။ ၁၉၆၄ ခုနှစ်တွင် မိတ္ထီလာမြို့နယ်၌ အသုံးလုံးသင်တန်းရွေ့ပြေးစမ်းသပ်မှုမှသည် ဆက်လက်ကြိုးပမ်းခဲ့ရာ ၁၉၇၁ ခုနှစ်တွင် ခရိုင်လုံးကျွတ်စာတတ်မြောက်မှု ရရှိလာခဲ့သည်။ ထို့နောက် နိုင်ငံတစ်ဝန်း စာတတ်မြောက်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်လာခဲ့ရာ ခရိုင်လုံးကျွတ်၊ တိုင်းလုံးကျွတ် စာတတ်မြောက်သူများ တိုးပွားလာခဲ့သည်။

ယခုအခါ လူတိုင်းအတွက် ပညာရေးရည်မှန်းချက်နှင့်အညီ ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးတို့ကို ဖော်ဆောင်လျက်ရှိရာ ကျောင်းနေအရွယ်ကလေးများ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးတက်ရရှိလာသည်။ ထို့နည်းတူ ပြည်နယ်နှင့်တိုင်းအသီးသီး၌ နွေရာသီစာတတ်မြောက်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ သက်ကြီး စာတတ်မြောက်မှုနှုန်း တိုးတက်လျက်ရှိသည်။

ကျောင်းပြင်ပ ပညာရေးလုပ်ငန်းစဉ်များတွင် ပညာရေးဝန်ကြီးဌာနနှင့်အတူ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် ပြည်သူများကပါ ဝိုင်းဝန်းကူညီပံ့ပိုးပေးလျက်ရှိရာ အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးများ အောင်မြင်မှု ရရှိနေသည်။

ယခုအချိန်အခါတွင် နိုင်ငံအဆင့် သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၉၄ ဒသမ ၈၃ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီဖြစ်သည်။ စာတတ်မြောက်သူများ တတ်ပြီးစာများ မမေ့ပျောက်စေရေးအတွက် စာပေဆက်လက် ဖတ်ရှုစေရေး ကြိုးပမ်းကြရဦးမည်ဖြစ်သည်။ စာကြည့်တိုက်များ၊ စာသင်ဝိုင်း၊ စာဖတ်ဝိုင်းများ တိုးချဲ့ဖွင့်လှစ်ခြင်းစသည့် စာတတ်မြောက်ရေးလှုပ်ရှားမှု လုပ်ငန်းတိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် စာတတ်မြောက်မှုဝန်းကျင် ပိုမိုဖြစ်ထွန်းအောင်မြင်မည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဒေါက်တာကျော်မြင့်အား အာဆီယံအတွင်းရေးမှူးချုပ် လာရောက်တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၇

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့်အဖွဲ့သည် စက်တင်ဘာ ၆ ရက် ညနေ ၄ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာဌာနရှိ ကျန်းမာရေးဝန်ကြီးဌာန ယာယီကွပ်ကဲမှုရုံးခန်း၌ လာရောက် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် အာဆီယံအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံ၌ ကျရောက်ခဲ့သည့် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း လေဘေးသင့်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ထားရှိမှုကို အားရကျေနပ်ပါကြောင်း၊ Post-Nargis Joint Assessment Report (PONJA REPORT)နှင့် ပတ်သက်၍လည်း ကျေနပ်ပါကြောင်း၊Internet Website များတွင် မြန်မာနိုင်ငံမှ ဆောင်ရွက်ချက်များကို ချီးကျူးထားပါကြောင်း ပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက နိုင်ငံတော်မှ ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်ဆေးရုံများကို အဆင့်မြှင့်တင်ပေးထားကြောင်း၊ လေဘေးသင့်ကျေးလက်ကျန်းမာရေးဌာနများအား ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းပြန်လည် ဆွေးနွေးပြောကြားကာ ရှေ့လုပ်ငန်းစဉ်များကိုဆွေးနွေးခဲ့ကြကြောင်းသိရှိရသည်။(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်အား အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီတွင် အလုံမြို့နယ် ကမ်းနားလမ်းရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေ ကျပ်တစ်သိန်း၊ အေးရှားဝေါလ်ကုမ္ပဏီက လှူဒါန်း ငွေကျပ်သိန်း ၅၀နှင့် မြန်မာ့စက်မှုဆိပ်ကမ်းက လှူဒါန်းငွေကျပ် ၁၁သိန်းတို့ကို တာဝန်ရှိသူများက အသီးသီးလှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်က လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ လေဘေးသင့် လပွတ္တာမြို့နယ် ဆင်ခြေရာကုန်းကျေးရွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သွားရောက်လုပ်အားပေးခဲ့ကြသော မြို့နယ်အလုပ်အမှုဆောင် ဦးမြင့်စန်းနှင့် ဦးအောင် ကျော်တင့်တို့အား ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများကိုပေးအပ်သည်။ထို့နောက် အစည်းအဝေးဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်အား အေးရှားဝေါလ်ကုမ္ပဏီမှ မန်နေဂျာ ဦးမြတ်ကျော်က အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ်အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ် ဆရာမကြီး ဒေါ်ယုယုတင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃)အထက မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းရှိ ယုဇနခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုတင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခိုင်ရွှေညွန့်တို့က အမှာစကား ပြောကြားကြပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏အစီရင်ခံစာနှင့် ငွေစာရင်း ရှင်းတမ်းတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဖတ်ကြားတင်ပြကြကာ ၂၀၀၇-၂၀၀၈ ခုနှစ် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်၊ အမှုဆောင်သစ်များကို ရွေးချယ် တင်မြှောက်ကြသည်။ ထို့နောက် အတန်းလိုက် ပညာရည်ထူးချွန်သူများ၊ ဘက်စုံပြိုင်ပွဲတွင် ထူးချွန်သူများ၊ ခွင့်ရက်ပျက် မရှိ ဆရာမများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းအုပ်ဆရာမကြီးက အလှူရှင်များအား တစ်ဦးချင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။ (သတင်းစဉ်)

စာဖတ်သူတိုးပွားရေးဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

မော်လမြိုင်ကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာဖတ်သူတိုးပွားရေး ဟောပြောပွဲကို စက်တင်ဘာ ၅ ရက် မွန်းလွဲ၁နာရီတွင် မော်လမြိုင်ကျွန်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မမက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်က“ရည်မှန်းချက်ရှိရမည်”ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရုပ်/သံကျွမ်းကျင်(၃)ဒေါ်စန်းစန်းမော်က“စာဖတ်ခြင်း၏ အကျိုးကျေးဇူး” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)က “မျိုးဆက်သစ်များတိုးတက်မြင့်မားရေး” ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ဟောပြောခဲ့ကြကြောင်းသိရသည်။ (သတင်းစဉ်)

ဆရာတစ်ဦးအနေဖြင့် မိမိတပည့်များကို သားသမီးနှင့်မခြား စောင့်ရှောက်ပေးရင်း စာပေပညာသက်သက်သာမက ဗလငါးတန်နှင့် ပြည့်စုံစေရအောင် သွန်သင်ဆုံးမလေ့ကျင့်ပျိုးထောင်ပေးခြင်းသည် မြန်မာ့ဓလေ့အစဉ်အလာဖြစ်

နေပြည်တော် စက်တင်ဘာ ၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်ခဲ့သည့် အခြေခံပညာဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသော ဦးညီထွန်းနှင့် ဦးကျော်အောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ မန္တလေးတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရမဟုတ်သောလူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ အခြေခံပညာဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် အမျိုးသားပညာရည် အဆင့်အတန်း တိုးတက်မြင့်မားပြီး ပညာလွှမ်းမိုးသော မြန်မာ့လူ့ဘောင် အဖွဲ့အစည်းကြီး ဖြစ်လာစေရေးဆိုသည့် အလွန်မွန်မြတ်မြင့်မားသော ပညာရေး မျှော်မှန်းချက်ကြီးကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ဆရာ၊ ဆရာမများသည် အလွန်အရေးပါပြီး ပဓာနကျသည့် အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်နေကြသူများဖြစ်ကြောင်း။

ထိုကဲ့သို့အလွန်လေးနက်ကျယ်ဝန်းနက်ရှိုင်းသည့် ပညာရေးတာဝန်များကို ထမ်းဆောင်နေကြသူများဖြစ်သည့် ဆရာ၊ ဆရာမများအတွက် ယခု အထူးမွမ်းမံသင်တန်းက ရရှိလာသည့် အတွေ့အကြုံ ဗဟုသုတများ၊ အတွေးသစ် အမြင်သစ်များသည် လက်တွေ့ဘဝတွင် တန်ဖိုးမဖြတ်နိုင်လောက်အောင် အလွန်ပင်အကျိုးရှိလှမှာ အမှန်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် သင်တန်းက ရရှိလာသည့် အတွေးအမြင် ဗဟုသုတများကို တန်ဖိုးထား ထိန်းသိမ်းပွားများပြီး လက်တွေ့ဘဝနှင့် နှိုင်းချင့်သုံးသပ်ကာ နိုင်ငံနှင့် လူမျိုး၏ တိုးတက်ရာ တိုးတက်ကြောင်းနှင့် မိမိတာဝန်ကျရာဒေသ၏ ကောင်းရာကောင်းကျိုး ဖြစ်စေမည့် ကောင်းမြတ်သောလုပ်ငန်းဆောင်တာများကို တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု ပထမဦးစွာ မှာကြားလိုကြောင်း။

ထို့အပြင် သင်တန်းကာလတစ်လျှောက် လေ့ကျင့်ပွားများလာခဲ့သည့် ကျန်းမာကြံ့ခိုင်မှု၊ စွမ်းရည်ပြည့်ဝမှု၊ စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်မှု၊ စည်းကမ်းလိုက်နာတတ်မှု၊ စုပေါင်းညီညာ ဆောင်ရွက်တတ်မှုနှင့် စုစည်းညီညာ စည်းလုံးညီညွတ်မှု စွမ်းအားကောင်း၊ အလေ့အကျင့်ကောင်းများကိုလည်း ပျောက်ပျက်မသွားစေရအောင် ဆက်လက်ကျင့်ကြံအားထုတ်ရင်း ထိုအလေ့အကျင့်ကောင်းများ၊ အကျင့်စရိုက်ကောင်းများကို မိမိ၏ တပည့် ကျောင်းသူ၊ ကျောင်းသား လူငယ်များထံ ဆင့်ပွားမျှဝေလေ့ကျင့်ပေးကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

အမှန်တကယ်အားဖြင့် ဆရာ့တာဝန်၊ ဆရာ့ကျင့်ဝတ်များသည် မိမိတပည့်များအပေါ် စာပေပညာသင်ကြားပေးမှု သက်သက်ထက် ပိုမိုကျယ်ဝန်း နက်ရှိုင်းသည် ဆိုသည်ကို မြန်မာ့ရိုးရာ ပညာရေးသဘောတရားများတွင် ထင်ထင်ရှားရှား တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ဆရာတစ်ဦးအနေဖြင့် မိမိ၏ တပည့်များကို သားသမီးနှင့်မခြား စောင့်ရှာက်ပေးရင်း စာပေပညာ သက်သက်သာမက ဗလငါးတန်နှင့် ပြည့်စုံစေရအောင် သွန်သင်ဆုံးမ လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် မြန်မာ့ထုံးဓလေ့ အစဉ်အလာပင် ဖြစ်ကြောင်း။

ထိုမြန်မာ့ အစဉ်အလာကောင်းကို ခေတ်မီနည်းပညာရပ်များ၏စွမ်းအားဖြင့် ပေါင်းစပ်ပြီး လေ့ကျင့်သင်ကြားပြုစုပျိုးထောင်ပေးမည်ဆိုလျှင် ယနေ့ကျောင်းသူ၊ ကျောင်းသား လူငယ်များသည် နိုင်ငံတော်၏ မျက်မှောက်ကာလ လိုအပ်ချက်များကိုသာမက အနာဂတ်ကာလမျှော်မှန်းချက်များကိုပါ ဖြည့်ဆည်းပေးနိုင်စွမ်းရှိသည့် နိုင်ငံသားကောင်းများဖြစ်လာကြမှာ ဧကန်မလွဲပင်ဖြစ်ကြောင်း။

ယနေ့ လူငယ်များအတွက် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို ထိန်းသိမ်းမြှင့်တင်ရေးနှင့်ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ ခိုင်မြဲအောင် ထိန်းသိမ်း စောင့်ရှောက်ရေးဆိုသည့် လေးနက်ကြီးမားသော နိုင်ငံ့တာဝန်ကြီးများက အနာဂတ်ကာလတွင် စောင့်ကြိုနေမည်ဖြစ်သကဲ့သို့ မျက်မှောက်ကာလတွင်လည်း အလွန်ကျယ်ပြန့်အားကောင်း ခိုင်ခံ့သည့် ပညာရေး အခွင့်အလမ်းကောင်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများက ကြိုဆိုလျက်ရှိနေကြောင်း။

ထိုကဲ့သို့ လူငယ်များအပေါ် နိုင်ငံတော်၏လိုလားချက်၊ မျှော်မှန်းချက်များနှင့် တစ်ဦးချင်းအတွက် အခွင့်အလမ်းကောင်းများက ထုထည်ပမာဏ ကြီးမားစွာ တောင်းဆိုနေသည့် အခြေအနေအချိန်အခါမျိုးတွင် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံ့လိုအပ်ချက်အတွက်ရော ကျောင်းသား လူငယ်များ၏ ဘဝရှေ့ရေးအတွက်ပါရည်မှန်းပြီး မိမိတို့၏ တပည့် ကျောင်းသူ၊ ကျောင်းသား လူငယ်များကို အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်နှင့် စာရိတ္တရေးရာ အရည်အသွေးတို့ ပြည့်ပြည့်ဝဝ ဖြစ်ထွန်းလာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် အလွန်အရေးကြီးကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၁) သင်တန်းဆင်းပွဲတွင် သင်တန်းသားစံပြဆုရ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပျဉ်းချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြ ဦးအောင်ကိုကိုအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆရာ၊ ဆရာမများ၏ တပည့်လူငယ်များကို လိုအပ်သည့် အရည်အသွေးများဖြင့် ပြည့်စုံစေရအောင် လေ့ကျင့် ပျိုးထောင်ပေးနိုင်မှုအပေါ်တွင် မျက်မှောက်ကာလနှင့် အနာဂတ်နိုင်ငံတော်၏ ကောင်းကျိုးဆိုးကျိုးနှင့် ဖြစ်ပေါ်တိုးတက်မှု အားလုံးသည် တည်မှီလျက်ရှိကြောင်း၊ လူငယ်များကို နိုင်ငံတော်ကလိုလားသော အရည်အသွေး၊ စိတ်ဓာတ်တို့နှင့် ပြည့်စုံစေရအောင် ယခုကပင် ကြိုတင်ပြုစုပျိုးထောင်ပေးနိုင်မှသာ နိုင်ငံ၏အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်မှုအဝဝကို အရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်စေရအောင် ကာကွယ်စောင့်ရှောက်ပေးနိုင်ကြမည် ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတကာအခြေအနေကို ကြည့်လျှင် မိမိနိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု စွမ်းအား၊ စီးပွားဥစ္စာနေအင်အား၊ နည်းပညာစွမ်းအားတို့ကို ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်မှသာ နိုင်ငံတကာ့အလယ်၌ မိမိနိုင်ငံနှင့် လူမျိုး၏ အကျိုးစီးပွားကို တည့်တည့်မတ်မတ် ခိုင်ခိုင်မာမာ ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်နိုင်မည့် အခြေအနေများ ဖြစ်ပေါ်နေသည်ကိုလည်း အားလုံးအသိအမြင်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ရရှိဖြစ်ထွန်းနေသည့် စွမ်းအားကောင်း၊ အကျိုးရလဒ်ကောင်းများနှင့် နိုင်ငံ့အင်အားကို ဆက်လက် ပြုစုပျိုးထောင်ပေးရင်း ထိုစွမ်းအားကောင်းများ၏ အရည်အသွေးကို ပိုမိုမြင့်မားသည်ထက် မြင့်မားစေရအောင်၊ အားအင် ပြည့်ဝသည်ထက် ပြည့်ဝထက်မြက်စေရအောင် ပညာ၏စွမ်းအားဖြင့် မြှင့်တင်ပေးပြီး နိုင်ငံနှင့်လူမျိုး တိုးတက်ကြီးပွားရေးအတွက် အပြုသဘောဖြင့် ထိရောက်စွာ အသုံးချနိုင်စေရန် ဆက်လက် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ-

-မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၏ ပညာရည်မြင့်မားမှု၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ စွမ်းအားခိုင်မာမှု၊ တွေးခေါ်မြော်မြင်ဆင်ခြင်တုံ တရားပြည့်ဝမှု၊ အမျိုးသားရေးစိတ်ဓာတ် ထက်သန်မြင့်မားမှု အမျိုးသားရေး စွမ်းအားကောင်းများကို ပညာရေးကဏ္ဍက တစ်ဆင့် အခိုင်အမာတည်ဆောက်ပေးကြပါ။

-အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး အကောင်အထည်ပေါ်ဖြစ်ထွန်း လာစေရေးအတွက် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစေရေးနှင့် အမျိုးသားပညာရည်မြင့်မားစေရေး အခြေခံကောင်းများ ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းနေစေရအောင်ပညာရေးကဏ္ဍကတစ်ဆင့် ကြိုးပမ်း ဆောင်ရွက်ပေးကြပါဟု တိုက်တွန်း ပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသား စံပြဆုရ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပျဉ်းချောင်း ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြ ဦးအောင်ကိုကို၊ သင်တန်းသူ စံပြဆုရ စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ကူးတို့ကုန်းကျေးရွာ အမှတ်(၂၉) အခြေခံပညာမူလတန်းကျောင်းမှ အလယ်တန်းပြ ဒေါ်ဝင်းပပလှိုင်၊ သင်တန်းသား ဖွဲလုံ့လဆုရ စစ်ကိုင်းတိုင်း ပုလဲမြို့နယ် ကြောင်သန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ် ဦးတင်လင်း၊ သင်တန်းသူဖွဲလုံ့လဆုရရှိကြသော မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြ ဒေါ်ပြုံးပြုံးစန်းနှင့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် အမှတ်(၁၈) အခြေခံပညာ မူလတန်းကျောင်းမှ အလယ်တန်းပြ ဒေါ်တင်တင်မေတို့အားလည်းကောင်း၊ စံပြအဆောင်ဆုရ အမျိုးသားသင်တန်းသား အမှတ်(၁) တပ်ခွဲ အဆောင် (၈)နှင့် အမျိုးသမီး သင်တန်းသူ အမှတ် (၅) တပ်ခွဲ အဆောင် (၃)တို့အား ဆုများချီးမြှင့်ပေးအပ်ပြီး သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ချီးမြှင့်ရာ တပ်ခွဲအလိုက် သင်တန်းခေါင်းဆောင်များနှင့် ဒုတိယသင်တန်း ခေါင်းဆောင်များက လက်ခံကြကာ သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဆင်းပွဲအခမ်းအနားအပြီးတွင် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်များသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၃၇ ဦးနှင့် သင်တန်းသူ ၁၀၉၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၉-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ အကပဒေသာ
- ၈း၁၀ ၆။ **၂၀၀၈ ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ ခေတ်ဟောင်းတေး) (ဝါသနာရှင် ဒုတိယတန်း)အဆင့် (အမျိုးသမီး)**
- ၈း၃၀ ၇။ International News.
- ၈း၄၀ ၈။ တေးဂီတအစီအစဉ်
- ၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ အစီအစဉ်အဖွင့်
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၃၀ ၄။ ချစ်စရာ့အရွယ်ကကြီးသွယ်
- ၄း၄၅ ၅။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေပွဲ)
- ၄း၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၅း၀၅ ၇။ မိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၅ ၈။ မြန်မာနှင့် ပေကျင်းအိုလံပစ်
- ၅း၃၀ ၉။ တေးဂီတအစီအစဉ်
- ၅း၄၀ ၁၀။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး) (ဝါသနာရှင် ဒုတိယတန်း)အဆင့် (အမျိုးသမီး)**
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၄၀ ၁၃။ အလှူရှာမယ် လှူကမ္ဘာဝယ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ပန်းပျိုးလက်” (အပိုင်း-၇)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မျက်ဝန်းရိပ်” (အပိုင်း-၇)**
- ၁၉။ အစီအစဉ်ပြီး၏။

သံလွင်မြစ်ရေအခြေအနေ

နေပြည်တော် စက်တင်ဘာ ၇

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၈၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၁ စင်တီမီတာ (တစ်ပေ)ခန့် ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဟာရီကိန်း ဂူစတပ်မုန်တိုင်း တိုက်ခတ်မှုကြောင့် အမေရိကန်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသမှ ပြည်သူ ရာ၊ ထောင်နှင့်ချီ၍ ဘေးကင်းရာသို့ ရွှေ့ပြောင်းနေသည်ကို စက်တင်ဘာ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်သမ္မတ ရွေးကောက်ပွဲ ဘူတို၏ခင်ပွန်း ဇာဒါရီအနိုင်ရ

အစ္စလာမ္မာဘတ် စက်တင်ဘာ ၆

ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း ဘာနာဇာဘူတို၏ ခင်ပွန်းဖြစ်သူ အဆစ်ဖ်အလီဇာဒါရီသည် စက်တင်ဘာ ၆ ရက်က ပါကစ္စတန် သမ္မတ ရွေးကောက်ပွဲတွင် အနိုင်ရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ယင်းသမ္မတ ရွေးကောက်ပွဲသည် သမ္မတမူရှာရက်ဖ် ရာထူးမှ နုတ်ထွက်သွားပြီးနောက် သမ္မတရာထူး အစားထိုးရန်အတွက် ပါကစ္စတန် ပါလီမန်က ကျင်းပခဲ့ခြင်းဖြစ်သည်။

မစ္စတာဇာဒါရီသည် ပါကစ္စတန်နိုင်ငံ၏ စီးပွားရေး ပြဿနာများ၊ ပါကစ္စတန်နိုင်ငံ၏ တည်ငြိမ်ရေးကို ခြိမ်းခြောက်နေသော အကြမ်းဖက်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ ရွေးကောက်ပွဲ ကျင်းပနေစဉ်အတွင်း ပက်ရှ်ဝါမြို့အနီး၌ ဗုံးတစ်လုံး ပေါက်ကွဲရာ တစ်ဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။

ပါကစ္စတန် သမ္မတရာထူးကို အမျိုးသားအဆင့်နှင့် ပြည်နယ်လေးခု၌ လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ပေးခဲ့ခြင်း ဖြစ်သည်။ မစ္စတာဇာဒါရီသည် စုစုပေါင်း မဲအရေအတွက် ၄၅၉ မဲဖြင့်အနိုင်ရပြီး သမ္မတရာထူးအတွက် ရွေးချယ်ခံရခြင်း ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်ရုံးက ပြောကြားသည်။ ***အင်တာနက်။***

ကြေးမုံ
The Mirror
နိုင်ငံတကာသတင်းများ

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် နှလုံးရောဂါသုတေသန ဆေးရုံဖွင့်ပွဲသို့ တက်ရောက်လာသည့် ဒိန်းမတ်နိုင်ငံ အိမ်ရှေ့မင်းသားဖရက်ဒီရက်နှင့် ကြင်ရာတော် မင်းသမီး မာရီကိုတို့အား စက်တင်ဘာ ၃ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ=အင်တာနက်)*

အမေရိကန်နိုင်ငံတွင် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ကင်ဆာရောဂါ ဖြစ်ပွားသူ ၂ ဒသမ ၄ သန်းရှိ

ဝါရှင်တန် စက်တင်ဘာ ၆

အမေရိကန်နိုင်ငံတွင် ၁၉၉၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း၌ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ကင်ဆာရောဂါဖြစ်ပွားသူ စုစုပေါင်းမှာ ၂ ဒသမ ၄ သန်းရှိကြောင်း ရောဂါကာကွယ်တားဆီးရေးဌာန (စီဒီစီ)က ကြာသပတေးနေ့တွင် ထုတ်ဖော်ပြောကြားသည်။

အမေရိကန်နိုင်ငံတွင် ဖြစ်ပွားလေ့ရှိသည့် အရက်အလွန်အကျွံသောက်ခြင်း၊ ကားမတော်တဆမှု၊ မိမိကိုယ်ကိုသတ်သေခြင်းနှင့် မူးယစ်ဆေးသုံးစွဲမှုစသည့် အချိန်မတိုင်ခင် သေဆုံးရသည့် ဖြစ်စဉ်များအနက် ကင်ဆာရောဂါ ဖြစ်ပွားမှုကြောင့် သေဆုံးရသည့် အရေအတွက်မှာ အများဆုံးဖြစ်ကြောင်းနှင့် ကင်ဆာရောဂါဖြစ်ပွားစေသည့် ဆေးရွက်ကြီးသုံးစွဲမှုကို နံပါတ်-၁ နေရာတွင်ထားကာ ကာကွယ်တားဆီးရန်လိုကြောင်း စီဒီစီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ နှစ်စဉ် အချိန်မတိုင်ခင် သေဆုံးရသူဦးရေ ၄၃၈၀၀၀ သည် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် သေဆုံးရခြင်းဖြစ်ပြီး ဦးရေ ၃၈၀၀၀ မှာမူ ဆေးလိပ်မှတစ်ဆင့် ဆေးရွက်ကြီးသုံးစွဲသူများဖြစ်သည်ကို လေ့လာတွေ့ရှိရကြောင်း ၎င်းအစီရင်ခံစာတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံတွင်နှစ်စဉ်လူဦးရေ ၁၆၇ဘီလီယံသည် ဆေးလိပ်သောက်သုံးမှုကြောင့် ဆေးကုသခံနေကြရပြီး နိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ်များ နစ်နာဆုံးရှုံးရလျက်ရှိကြောင်း အစီရင်ခံစာတွင် ထည့်သွင်းရေးသားထားသည်။

အင်တာနက်။

ဘဂ္ဂဒက်တွင် အမေရိကန်ကို ကန့်ကွက်ဆန္ဒပြ

ဘဂ္ဂဒက် စက်တင်ဘာ ၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အမေရိကန်များ ဝင်ရောက်နေခြင်းကို ကန့်ကွက်သောအားဖြင့် ထောင်ပေါင်းများစွာသော ရှီးယိုက်တို့သည် သောကြာနေ့က လမ်းပေါ်ထွက်၍ ဆန္ဒပြကြသည်။ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်အရပ် ရှီးယိုက်တို့ကြီးစိုးသော ဆာဒါစီးတီးတွင် သောကြာနေ့ ဘုရားဝတ်ပြုပြီးနောက် များပြားလှသော လူအုပ်ကြီးသည် ဘာသာရေးခေါင်းဆောင်များ၏ ပုံများဝှေ့ယမ်းကာ အော်ဟစ်ဆန္ဒပြကြသည်။

ဘာသာရေးခေါင်းဆောင် ဆာဒါကို ထောက်ခံကြောင်း ပြောကြားကြပြီး ဆန္ဒပြသူအချို့သည် အနီ၊ အဖြူ၊ အပြာရောင်ပါသော အလံကို မီးရှို့ပစ်ကြသည်။ အီရတ်နိုင်ငံတောင်ပိုင်း ဘာသာရေးမြို့တော်နာဂျပ်ဖ်တွင်လည်း ရာပေါင်းများစွာသော ဆန္ဒပြသူများသည် "သိမ်းပိုက်ခြင်းကိုအလိုမရှိ" ဟု ရေးသားထားသော စာတန်းများကို ကိုင်ဆောင်ကာ အမေရိကန်တပ်ဖွဲ့များ ဝင်ရောက်သိမ်းပိုက်ထားခြင်းကို ကန့်ကွက်ကြသည်။

အမ်အင်အေ၊ရိုက်တာ။

ဆိုမာလီနိုင်ငံတွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းနေသဖြင့် မိုဂါဒစ်ရှူးမြို့ ဒုက္ခသည်စခန်း ရေနစ်မြုပ်နေသည်ကို စက်တင်ဘာလ ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အီဘိုလာဗိုင်းရပ်စ်ပိုးမှ သက်ရှိတို့၏ ဆဲလ်များအား ဖျက်ဆီးမှုပုံစံကို သိပ္ပံပညာရှင်များ လေ့လာတွေ့ရှိ

ဝါရှင်တန် စက်တင်ဘာ ၆

အသက်အန္တရာယ် ဆုံးရှုံးစေသည်အထိ ဝေဒနာခံစားရစေသော အီဘိုလာဗိုင်းရပ်စ်ပိုးသည် သက်ရှိတို့၏ ဆဲလ်များကို ဖျက်ဆီးရန်အတွက် ၎င်းတို့၏ ဇီဝဓာတုဖွဲ့စည်းမှုနှင့် သက်ဆိုင်သော အဓိကကျသည့် လုပ်ဆောင်မှု ပုံစံအား လေ့လာတွေ့ရှိခဲ့သည်ဟု တက္ကဆက်တက္ကသိုလ်မှ သုတေသနပညာရှင်များက စက်တင်ဘာ ၄ရက်တွင် တရားဝင်ထုတ်ဖော်ပြောကြားသည်။ အီဘိုလာရောဂါသည် ပြင်းထန်သည့် သွေးယိုစိမ့်မှုဖြစ်ကာ အဖျားဝင်ပြီး သေဆုံးစေတတ်သည်။ ယင်းရောဂါခံစားရသူ ဝေဒနာရှင် ၉၀ ရာခိုင်နှုန်းမှာ သေဆုံးကြရပြီး ကျောက်ဆေးရည်ကဲ့သို့သော ဗိုင်းရပ်စ်ပိုးကုသသည့် ဆေးရည်တစ်မျိုးဖြင့် အဆိုပါ ရောဂါပိုးအား ကောင်းစွာ ကာကွယ်နိုင်ကြောင်း သိရှိရသည်။

သုတေသနအဖွဲ့အနေဖြင့် ဆဲလ်အတွင်းရှိ အမြေးအလွှာကြားသို့ ဇီဝဓာတ်ကူပစ္စည်းတစ်မျိုး ဖြစ်သည့် ဖိုင်ဖိနိုစတိုက်-၃(ပီအိုင်-၃)ကို ထည့်ပေးကာ အီဘိုလာဗိုင်းရပ်စ်ပိုးအား လေ့လာခဲ့ကြသည်။ ယင်းဇီဝဓာတ်ကူပစ္စည်းကို ထည့်ထားပေးခြင်းအားဖြင့် အီဘိုလာဗိုင်းရပ်စ်ပိုးသည်အခြားအကျိုးပြု ဗိုင်းရပ်စ်ပိုးများနှင့် ရောနှောကာ ဆဲလ်အတွင်းရှိ အကျိုးပြု ကလာပ်စည်းများကို စုပ်ယူပြီး ယင်းတို့ဘာသာ ဗိုင်းရပ်စပ်ပိုးများ အသစ်ဖြစ်ပေါ်စေသည်ကိုတွေ့ရှိခဲ့ကြသည်။ အဆိုပါ အလိုအလျောက် ဗိုင်းရပ်စ်ပိုးပွားခြင်းကို အင်န်ဒိုဆင်းမ်ဟုခေါ်ပြီး ယင်းသည်အဓိက အရေးပါသည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်ကြောင်း သိရှိရသည်။ ***အင်တာနက်။***

ပြင်သစ်စားစာခံနှစ်ဦး နိုင်ဂျီးရီးယားမှ ပြန်လွတ်လာ

ပဲရစ် စက်တင်ဘာ ၆

လွန်ခဲ့သောလက နိုင်ဂျီးရီးယားနိုင်ငံတွင် သေနတ်သမားများက ပြန်ပေးဆွဲသွားသော ပြင်သစ်နိုင်ငံသားနှစ်ဦးသည် ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက စနေနေ့တွင်ကြေညာသည်။နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသ ရေနံတူးဖော်ရေးလုပ်ငန်းအချက်အချာဒေသ ပို့ဟာကုတ်အနီးတွင် ၎င်းပြင်သစ်နှစ်ဦးမှာ ဩဂုတ် ၂ရက်က အဖမ်းခံရခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ပြင်သစ်လူမျိုးနှစ်ဦးသည် သောကြာနေ့တွင် လွတ်မြောက်လာပြီး ရက်အနည်းငယ်အတွင်း ပြင်သစ်နိုင်ငံသို့ ပြန်လည်ရောက်ရှိလိမ့်မည်ဖြစ်ကြောင်း၊ လွတ်မြောက်ရေးအတွက် အကူအညီပေးသော နိုင်ဂျီးရီးယားအာဏာပိုင်များကို ကျေးဇူးတင်ကြောင်းဖော်ပြပါရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ကိုရီးယားတွင် ဟိုက်ဒရိုဂျင်လောင်စာသုံး ဓာတ်အားပေးစက်ရုံဖွင့်

ဆိုးလ် စက်တင်ဘာ ၆

တောင်ကိုရီးယားနိုင်ငံ၏ အကြီးမားဆုံးသံမဏိထုတ်လုပ်သည့် ပေါ်စကိုကုမ္ပဏီသည် ဟိုက်ဒရိုဂျင်လောင်စာဓာတ်အိုးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံကို ကိုရီးယားနိုင်ငံ ပိုဟန်မြို့၏ အရှေ့တောင်ဘက်တွင် ဖွင့်လှစ်လိုက်ကြောင်း ကိုရီးယားဟာရယ်သတင်းစာက စက်တင်ဘာ ၅ ရက်တွင် ရေးသားသည်။

ထိုဟိုက်ဒရိုဂျင်လောင်စာသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံသည် ဓာတ်အား မဂ္ဂါဝပ် ၅၀ ကို ထုတ်လုပ်ပေးမည်ဖြစ်သည်။ ထိုလျှပ်စစ်ဓာတ်အားပမာဏသည် နေအိမ်ပေါင်းတစ်သောင်းခုနစ်ထောင်က လိုအပ်သောလျှပ်စစ်ဓာတ်အားပမာဏကို အလုံအလောက်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ယင်းကုမ္ပဏီသည် အဆိုပါဓာတ်အားပေးစက်ရုံကို တည်ဆောက်ပြီးစီးရန်အတွက် အချိန် ၁၁ လ ယူခဲ့ရသည်။ ဓာတ်အားပေး စက်ရုံကို တည်ဆောက်ရာ၌ အမေရိကန်နိုင်ငံ အခြေစိုက် ဖြူဝယ်လ်ဆဲလ်အင်နာဂျီကုမ္ပဏီနှင့် ပူးပေါင်းတည်ဆောက်ခြင်းဖြစ်သည်။

ထိုစက်ရုံကိုတည်ဆောက်ရာတွင် ပေါ်စကိုကုမ္ပဏီသည် အမေရိကန်ဒေါ်လာသန်း ၁၃၀ ကို ရင်းနှီးမြှုပ်နှံခဲ့ရသည်။ ***အင်တာနက်။***

ရန်ကုန်အပါအဝင် ပြည်နယ်နှင့်တိုင်း နေရာအနှံ့မှာ ဆူပူလှုပ်ရှားလိုသူတွေဟာ ပြည်တွင်းပြည်ပ ချိတ်ဆက်ပြီး ဆူပူမှုဖြစ်အောင် ကြိုးစားနေတဲ့ အထောက်အထားတွေ ခိုင်ခိုင်မာမာ ရရှိထားပြီးဖြစ် NLD ပါတီဝင်များအနေနဲ့ဥပဒေနဲ့ ငြိစွန်းတဲ့ လုပ်ရပ်တွေကို လုပ်လာတာဟာ မလုပ်သင့်တဲ့ လုပ်ရပ်တွေဖြစ်

နေပြည်တော် စက်တင်ဘာ ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ(၁/၂၀၀၈)တွင် တက်ရောက်လာသူများ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများ၏ မေးမြန်းမှုနှင့် တာဝန်ရှိသူများ၏ ပြန်လည်ရှင်းလင်း ဖြေကြားချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

ဦးလှထွေး (နီကေးသတင်းစာ)

လွန်ခဲ့တဲ့ သောကြာနေ့တုန်းက NLD ပါတီက ကြေညာချက်ထုတ်ပါတယ်။ အဲဒီကြေညာချက်မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့အတွက် စားသောက်ဖွယ်ရာ ဈေးဝယ်ဈေးခြင်း ပို့တာကို လက်မခံတာ (၃)ပတ်ရှိပြီလို့ ပြောပါတယ်။နောင်ကိုလည်း လက်မခံတော့ဘူးလို့ NLD ပါတီက တရားဝင်ကြေညာပါတယ်။ လက်မခံဘဲ

နီကေးသတင်းစာမှ ဦးလှထွေး မေးမြန်းစဉ်။ (သတင်းစဉ်)

အစာငတ်ခံ ဆန္ဒပြနေရတဲ့အကြောင်းကတော့ ပထမအချက် ဥပဒေနဲ့ညီညွတ်ခြင်းမရှိဘဲ သူမကို ဖမ်းဆီးထိန်းသိမ်းထားခြင်း၊ ထို့ပြင်ဥပဒေမှာပါ ပြဋ္ဌာန်းချက်တွေကိုကျော်လွန်ထိန်းသိမ်းထား

ယူမီယူရီ ရှင်ဘွန်းမှ ဦးကိုကို မေးမြန်းစဉ်။ (သတင်းစဉ်)

ခြင်းတို့ကြောင့် ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

ဒုတိယတစ်ချက်ကတော့ဆေးကုသခွင့် မရလို့လို့ ဆိုပါတယ်။

တတိယကတော့ ဒေါ်ခင်ဝင်းနဲ့ မသုသုဝေ (ခေါ်) မဝင်းဝင်းမတို့ နှစ်ဦးကိုပါ ထိန်းသိမ်းခံနေရလို့ ဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီအပေါ်မှာ နိုင်ငံတော်အစိုးရရဲ့ သဘောထား ကျွန်တော်သိချင်ပါတယ်။

နောက်တစ်ခုက နိုင်ငံတော်အစိုးရအနေနဲ့ ခုန NLD က တောင်းဆိုတဲ့ အတိုင်းပဲ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့ အစီအစဉ်ရှိပါသလား။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

ဦးလှထွေးမေးတဲ့ မေးခွန်းထဲမှာ အစာငတ်ခံ ဆန္ဒပြတယ်ဆိုတဲ့ ကိစ္စ တစ်ခု ပါပါတယ်။ ကျွန်တော်တို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်ပြီးတော့ သူကိုယ်တိုင်ရဲ့ တောင်းဆိုချက်အရ ရှေ့နေ ဦးကြည်ဝင်းကို ဩဂုတ်လ (၈)ရက်နေ့က တစ်ကြိမ်၊ (၁၇)ရက်နေ့ကတစ်ကြိမ် ဒေါ်စုကြည်နဲ့ တွေ့ဆုံခွင့်ပေးပါတယ်။ နောက်တစ်ခါ စက်တင်ဘာ (၁)ရက်နေ့မှာ တစ်ကြိမ် တွေ့ဆုံခွင့်ပေးပါတယ်။ အလားတူပဲ ဒေါ်စုကြည်ရဲ့ ဆရာဝန်ဖြစ်တဲ့ ဒေါက်တာ တင်မျိုးဝင်းကိုလည်း ဩဂုတ်လ (၁၇)ရက်နေ့က တစ်ကြိမ် ဒေါ်စုကြည်ရဲ့ ကျန်းမာရေးကို ဒေါ်စုကြည်ရဲ့ တောင်းဆိုချက်အရ ကျွန်တော်တို့ စစ်ဆေးဖို့ ခွင့်ပြုခဲ့ပါတယ်။ အဲသလို လေးကြိမ်တွေ့ဆုံခဲ့ကြသူများက ဒေါ်စုကြည်နဲ့ တွေ့ဆုံမေးမြန်းမျက်မြင် တွေ့ခဲ့ရမှုအပေါ် ကျွန်တော်တို့ကိုပြန်လည်သတင်းပို့ရာမှာ ဒေါ်စုကြည်အနေနဲ့ အိမ်ထဲမှာ အစာငတ်ခံ ဆန္ဒပြနေပါတယ် ဆိုတဲ့ ဟာမျိုး ကျွန်တော်တို့ကို ပြောကြားသွားတာ မရှိကြောင်း ပြောကြားလိုပါတယ်။

ဒုတိယအချက်ကတော့ သူမကို ထိန်းသိမ်းထားတာနဲ့ ပတ်သက်ပြီး ကျွန်တော် ဖြေကြားလိုတာကတော့ ကနေ့ နိုင်ငံတော်အစိုးရက ဆောင်ရွက်နေတာ အားလုံးဟာ ဥပဒေနဲ့ အညီသာ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဥပဒေနဲ့အညီသာ ဆောင်

မှုခင်းရှုထောင့် ဂျာနယ်မှ ဦးငြိမ်းသူ မေးမြန်းစဉ်။ (သတင်းစဉ်)

ရွက်နေတာဖြစ်ပါတယ်။နောင်လည်း ဥပဒေနဲ့အညီသာ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ဒေါ်စုကြည်ကိုလွှတ်ပေးဖို့အစီအစဉ်ရှိသလား ဆိုတာနဲ့ပတ်သက်လို့လည်း ကျွန်တော်စောစောကပြောသလို ဥပဒေနဲ့အညီသာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

ဦးကိုကို (ယူမီယူရီရှင်ဘွန်း)

နံပါတ်(၁)မေးခွန်းကတော့ ရန်ကုန်မှာ လုံခြုံရေးတွေ တိုးမြှင့်ချထားတယ်လို့ သိရပါတယ်။ဆူပူလှုပ်ရှားမှု ထပ်ရှိလာနိုင်တဲ့ အခြေအနေရှိလို့ လုံခြုံရေးတွေ တိုးချထားတာလား။ အကယ်၍ ရှိမယ်ဆိုရင်ရော သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတွေနဲ့ လုံခြုံရေး အဖွဲ့အစည်းတွေက ဘယ်လို စီမံဆောင်ရွက်မှာလဲဆိုတာ သိချင်ပါတယ်။

နံပါတ်(၂)အနေနဲ့ကတော့ ရဲချုပ်ကြီး ရှင်းလင်းပြောကြားသွားတဲ့ အထဲမှာတစ်ဖက်နိုင်ငံရှိ ကျော်ထက်နဲ့ ပတ်သက်ပြီးတော့ ပါဝင်ပါတယ်။ အဲဒီတော့ သူ့ကို ဘယ်လိုအရေးယူ ဆောင်ရွက်သွားမလဲဆိုတာ သိချင်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

လတ်တလော အခြေအနေမှာ ရန်ကုန်အပါအဝင် ပြည်နယ်နဲ့တိုင်း နေရာအနှံ့မှာ ဆူပူလှုပ်ရှားလိုသူတွေဟာ ပြည်တွင်းပြည်ပ ချိတ်ဆက်ပြီးတော့ ဆူပူမှုဖြစ်အောင် ကြိုးစားနေတဲ့ အထောက်အထားတွေ ကျွန်တော်တို့မှာ ခိုင်ခိုင်မာမာ ရရှိထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အပါအဝင် လုံခြုံရေးတာဝန်ရှိတဲ့ အဖွဲ့အစည်းတွေ အနေနဲ့ကတော့ တရားဥပဒေစိုးမိုးမှု အောက်မှာ ပြည်သူတွေ အေးအေးချမ်းချမ်းနေနိုင်၊ စားနိုင်၊ သွားနိုင်၊ လာနိုင်အောင် အကာအကွယ်ပေးဖို့ လုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ ဘယ်လိုများ စီမံ ဆောင်ရွက်ထားသလဲဆိုတာကတော့ ကျွန်တော်တို့ရဲ့ဆောင်ရွက်ရမယ့် နည်းလမ်းများ အားလုံးနဲ့ အကောင်းဆုံး ဖြစ်အောင်

ရိုက်တာသတင်းဌာနမှ ဦးအောင်လှထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ဆောင်ရွက်ထားကြောင်း ပြောလိုပါတယ်။

ကျော်ထက်နဲ့ ပတ်သက်လို့ကတော့ Police Procedure အတိုင်း Interpol Channel ကနေ ပြီးတော့ ဥပဒေကြောင်းအရ အရေးယူနိုင်ရေး အတွက် ဆက်လက် ဆက်သွယ် ဆောင်ရွက်သွားပါမယ်လို့ ဖြေကြားလိုပါတယ်။

ဦးကိုကို (ယူမီယူရီရှင်ဘွန်း)

နောက်ဆုံးမေးခွန်းကတော့ NLD အဖွဲ့ဝင်တချို့ဟာ ဆူပူအကြမ်းဖက်လှုပ်ရှားမှုတွေမှာ ပါဝင် ပတ်သက်မှုတွေရှိတယ်လို့ ရှင်းလင်းချက်မှာ ပြောသွားပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရက NLD ပါတီအပေါ်မှာ အခု ဘယ်လိုသဘောထားပါ သလဲ။ နောင်ကော ဘယ်လိုသဘောထားရှိပါမလဲ။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

အခုချိန်ထိတော့ အဲဒီလို ပြစ်မှုကျူးလွန်တဲ့သူတွေကို တစ်ဦးချင်းအလိုက် ဥပဒေနဲ့အညီ အရေးယူတဲ့ ဆောင်ရွက်မှုမျိုးကိုပဲ လုပ်နေပါတယ်။ NLD ပါတီဝင်များအနေနဲ့ ယခုလို ဥပဒေနဲ့ငြိစွန်းတဲ့ လုပ်ရပ်တွေကို လုပ်လာတာတွေဟာမလုပ်သင့်တဲ့လုပ်ရပ်တွေဖြစ်ပါတယ်။ ပြောရရင် ဥပဒေကို ကျူးလွန်ခြင်းပဲဖြစ်ပါတယ်။ဒါကြောင့် ဥပဒေနဲ့အညီ ဆောင်ရွက်ရမှာပဲလို့ ယူဆပါတယ်။ NLD အပေါ် နောင်ဘယ်လို သဘောထားမှာလဲဆိုတာနဲ့ ပတ်သက်လို့ကတော့ NLD ပါတီနဲ့ NLD ပါတီဝင်တွေရဲ့ရှေ့ဆက်ဆောင်ရွက်မှုတွေအပေါ်မှာ မူတည်မှာပဲ ဖြစ်ပါတယ်။

ဦးငြိမ်းသူ (မှုခင်းရှုထောင့်ဂျာနယ်)

၂၀၀၈ ခုနှစ်အတွင်း ရန်ကုန်တိုင်း အတွင်းမှာ ဗုံးပေါက်ကွဲမှု ဘယ်နှကြိမ် လောက်များ ဖြစ်ခဲ့ပါသလဲ။ မဖြစ်ခင်မှာ ကြိုတင် ကာကွယ်တားဆီးမှုများ ဘယ်လိုဆောင်ရွက်ခဲ့ပါသလဲ။

ဒုတိယမေးလိုတာကတော့ အခု တလော အင်တာနက်မှာ ဖြစ်ပေါ်နေတဲ့ သတင်းများအရ မင်းကိုနိုင်တို့

Flower News ဂျာနယ်မှ ဦးကျော်စွာမင်း မေးမြန်းစဉ်။ (သတင်းစဉ်)

အဖွဲ့ကသူတို့လက်ထိတ်အခတ်မခံနိုင်ဘူး။ သူတို့ကို လက်ထိတ်ခတ်ဖို့ မလိုဘူးလို့ ပြောနေပါတယ်။ အဲဒီကိစ္စလေး သိလိုပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

ဗုံးပေါက်ကွဲမှု ၂၀၀၈ ခုနှစ်အတွင်းမှာ ငါးကြိမ်ဖြစ်ခဲ့ပါတယ်။ ကြိုတင်ကာကွယ်တားဆီးမှုယနေ့အထိနှစ်ကြိမ်နဲ့ ဖြစ်ပြီးမှ ဖော်ထုတ်နိုင်မှု တစ်ကြိမ်ရှိခဲ့ပါတယ်။ ပထမတစ်ကြိမ်ကတော့ မတ်လ(၃၀)ရက်နေ့က သဃ်န်းကျွန်း NLD ရဲဇော်ထိုက်က ဒီသဃ်န်းကျွန်း NLD ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင်ခင်စိုးရဲ့အထောက်အပံ့နဲ့ တစ်ဖက်နိုင်ငံရှိ NLD (LA) ထံမှာ ဖောက်ခွဲရေး သင်တန်း သွားပြီးတော့ တက်ပါတယ်။ အဲဒီနောက် ပြည်တွင်းမှာ ဖောက်ခွဲရေးလုပ်ငန်းတွေလုပ်ဖို့ဆိုပြီးတော့ ရန်ကုန်ကို ပြန်လာခဲ့ပါတယ်။ အဲသလို ရန်ကုန်ကို ပြန်လာတုန်းမှာ ဖောက်ခွဲမယ့် Detonator (၇)ခုနဲ့အတူ ဖမ်းဆီးနိုင်ခဲ့ပါတယ်။နောက်တစ်ကြိမ်ကတော့ စက်တင်ဘာ (၁)ရက်နေ့က NGD အဖွဲ့ဝင်တစ်ဦးကို သူနေတဲ့ နေအိမ်မှာ ကျွန်တော်တို့ရဲ့ သတင်းပေးတွေ၊ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင် ကူညီမှုနဲ့ ဖမ်းဆီးမိပါတယ်။ သူ့ကို ဖော်ထုတ်ချက်အရ KNU နဲ့ ABSDF က ပေးပို့တဲ့ နေပြည်တော် ဖောက်ခွဲရေးနဲ့ ကျန်တဲ့ လုံခြုံရေးလစ်ဟာမှုရှိတဲ့နေရာတွေ ဖောက်ခွဲရေးမှာသုံးဖို့ စီစဉ်ထားတဲ့ Detonator (၅၄)ခု၊ ယမ်းကြိုးများ၊ ယမ်းများနဲ့ ဆက်စပ်အသုံးပြုတဲ့ ပစ္စည်းများ၊ ချိန်ကိုက်နာရီ (၃)လုံးတို့ကို ဖော်ထုတ်ဖမ်းဆီးမိပါတယ်။ ဒါတွေက ကြိုတင်ကာကွယ်နိုင်မှုတွေပါ။ ဖြစ်ပြီးမှ ဖော်ထုတ်နိုင်တာကတော့ ကျွန်တော် စောစောက ရှင်းပြခဲ့တဲ့ ဇူလိုင် (၁)ရက်နေ့က ရွှေပြည်သာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး ဖောက်ခွဲမှုဖြစ်ပါတယ်။

ဒုတိယမေးခွန်းကတော့ မင်းကိုနိုင်တို့အဖွဲ့ လက်ထိပ်ခတ်မခံနိုင်ဘူး ဆိုတဲ့ ကိစ္စပါပဲ။ ကျွန်တော်တို့လည်း ဒီသတင်းနဲ့ပတ်သက်ပြီး အင်တာနက်မှာ ဖတ်လိုက်ရပါတယ်။ ဥပဒေကြောင်းအရ ပြောမယ်ဆိုရင် ရဲ

Eco Vision ဂျာနယ်မှ ဦးဝင်းအောင် မေးမြန်းစဉ်။ (သတင်းစဉ်)

လက်စွဲ (၁၃၈၁)မှာတော့ အာမခံပေးနိုင်တဲ့ အမှုဖြစ်စေ၊ အာမခံမပေးနိုင်တဲ့အမှုဖြစ်စေ ဒီလိုအမှုမျိုးကို ကျူးလွန်တဲ့ ပုဂ္ဂိုလ်တွေကို တရားရုံးသို့ တရားရင်ဆိုင်ဖို့ ထုတ်တဲ့အခါမှာ လက်ထိပ်ခတ်ပိုင်ခွင့်ရှိတယ်လို့ ဖော်ပြထားပါတယ်။ ဒါကြောင့် ဥပဒေနဲ့ ညီတယ်လို့ ပြောချင်ပါတယ်။ နောက်တစ်ချက်က ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ(၁၇၄)မှာလည်း နိုင်ငံ့ဝန်ထမ်းတစ်ဦးကနေပြီးတော့ လိုအပ်လို့ ဆင့်ခေါ်တဲ့အခါမျိုးမှာလက်ထိပ်ခတ်ဖို့ငြင်းပယ်ခဲ့ရင်ဒီငြင်းဆန်မှုဟာပြစ်မှုဆိုင်ရာ (၁၇၄)ကိုချိုးဖောက်ရာ ကျပါတယ်။

ပြစ်ဒဏ်အနေနဲ့ (၆)လလောက် ပြစ်ဒဏ် ကျခံဖွယ်ရာ ရှိပါတယ်။ ဒါကြောင့် ခုနလို မင်းကိုနိုင်တို့ ငြင်းတယ်ဆိုတာ တကယ်တော့ ဥပဒေနဲ့ မညီဘူး၊ငြင်းပိုင်ခွင့်မရှိဘူး၊ လက်ထိပ်ခတ်ခြင်းဟာ လုပ်ပိုင်ခွင့်အရ ဆောင်ရွက်ခြင်းဖြစ်တယ်လို့ ကျွန်တော်ပြောကြားလိုပါတယ်။

ဦးအောင်လှထွန်း (ရိုက်တာသတင်းဌာန)

မြန်မာ့နိုင်ငံရေး တိုးတက်မှု ရရှိအောင် UN က ဝင်ရောက်ဆောင်ရွက်ပေးတဲ့နေရာမှာ Mr. Gambari ရဲ့ အခန်းကဏ္ဍကို ဘယ်လိုများသုံးသပ်မိပါသလဲ။သူ့ရဲ့အခန်းကဏ္ဍက ပြီးဆုံးသွားပါပြီလား။ အကယ်၍ သူနောက်ထပ်များ ပြန်လာရင် သူ့ကို ခွင့်ပြုဖို့ အစီအစဉ်ရှိပါသလား။

နောက်နံပါတ်(၂)မေးခွန်းကတော့ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဖို့ အစီအစဉ်ရှိပါသေးလား။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ပထမမေးခွန်းနဲ့ ပတ်သက်လို့ကတော့ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ရဲ့ အကျိုးဆောင်မှုကဏ္ဍ ရှိနေသေးသရွေ့ ကျွန်တော်တို့ဘက်က ကုလသမဂ္ဂနဲ့ရော Mr. Gambari နဲ့ပါ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒုတိယမေးခွန်း ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်ဆက်လက်

ဆန်ကေရှင်ဘွန်းမှ ဒေါက်တာဇော်သန်း မေးမြန်းစဉ်။ (သတင်းစဉ်)

တွေ့ဆုံဖို့ရှိဦးမှာလားဆိုတာနဲ့ပတ်သက်လို့ကတော့ ဒေါ်အောင်ဆန်းစုကြည် အပေါ်မှာပဲ မူတည်ပါတယ်။

ဦးကျော်စွာမင်း (Flower News ဂျာနယ်)

၂၀၁၀မှာလုပ်မယ့် ရွေးကောက်ပွဲ အတွက်ကို အခုလက်ရှိ ဘယ်လိုများ ဆောင်ရွက်နေပြီလဲဆိုတာ သိချင်ပါတယ်။

နောက်တစ်ခုက ရဲချုပ်ကြီးရှင်းသွားတဲ့အထဲမှာ NLD လူငယ်တွေ ပါဝင်ပတ်သက်နေတယ်ဆိုတာတွေ့ရပါတယ်။ အဲဒါဆိုရင် ၂၀၁၀ မှာ ဒီပြစ်ချက်တွေနဲ့ NLD က ရွေးကောက်ပွဲ ဆက်လက်ဝင်ရောက်ခွင့်ရှိမလားဆိုတာ သိလိုပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

စာမတတ်ခြင်းသည် လူသားတို့၏ကျန်းမာရေးအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိ စာတတ်မြောက်မှုစွမ်းရည် တိုးတက်မြင့်မားလာစေရန် တိကျသောမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုလိုအပ်

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့သဝဏ်လွှာ ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၈ ရက်

သက်ကြီးငါးဦးလျှင် တစ်ဦးနှုန်းဖြင့် ၇၇၄သန်းသော အရွယ်ရောက်ပြီးသူများမှာ စာမတတ်ကြပါ။ ၎င်းလူသားများအနေဖြင့် အလွန်ကျယ်ပြန့်လှသည့် ကမ္ဘာကြီးအတွင်း သတင်းအချက်အလက်များနှင့်ဆက်သွယ်နိုင်သည့် အခွင့်အလမ်းများမရရှိဘဲ နေထိုင်ကြရပေသည်။ ၇၅သန်းသော ကလေးများမှာ ကျောင်းသို့မရောက်ရှိကြပါ။ သန်းပေါင်းများစွာသော လူငယ်များမှာလည်း လူ့အဖွဲ့အစည်းအတွင်းအရာရောက်ပြီး တက်ကြွစွာပါဝင်နေထိုင်နိုင်သည့် လူငယ်များဖြစ်ရန်အတွက် လုံလောက်သောစာတတ်မြောက်မှုအဆင့်မရောက်မီ ကျောင်းမှထွက်နေကြရသည်။ ဤဖြစ်ရပ်များသည် လူတစ်ဦးတစ်ယောက်အတွက်သာမက လူ့အဖွဲ့အစည်းများအတွက်ပါ အချိန်မရွေး ထိခိုက်နစ်နာဆုံးရှုံးမှုများအထိ ဖြစ်လာစေနိုင်သည်။ ထို့ကြောင့် ယနေ့သတင်းအချက်အလက်များဖြင့်ဖွဲ့စည်းထားသော လူ့ဘောင်အဖွဲ့အစည်း၏ ဆက်စပ်စဉ်းစားရမည့်အကြောင်းအရာများတွင် ဤကိစ္စများက ထိပ်တန်းမှပါဝင်နေသည့်အတွက် စာတတ်မြောက်ရေး မြှင့်တင်မှုကို အလေးထားဆောင်ရွက်ရန် အရေးတကြီးလိုအပ်ကြောင်း လှုံ့ဆော်တိုက်တွန်းသင့်ပါသည်။

ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့၏ အဓိကအလေးထားရမည့်အချက်မှာ **'စာတတ်မြောက်ရေးနှင့် ကျန်းမာရေး'** ဖြစ်သည်။ ဆိုလိုသည်မှာ စာတတ်မြောက်ရေးနှင့် ကျန်းမာရေးကိုဆက်စပ်ပေးရန် ပိုမိုအာရုံစူးစိုက်ခြင်းဖြစ်သည်။ စာမတတ်ခြင်းသည် လူသားတို့၏ကျန်းမာရေးအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသည်။ စာမတတ်ခြင်းက လူသားတို့ကို ဆေးပုလင်းပေါ်ရှိအညွှန်းအား ဖတ်နိုင်စွမ်းမရှိအောင် တားဆီးထားပါသည်။ စာမတတ်သူများအနေနှင့် အေအိုင်ဒီအက်စ်ရောဂါ၊ ငှက်ဖျားရောဂါနှင့် အခြားကူးစက်ရောဂါများနှင့် ပတ်သက်သည့် အချက်အလက်များကို သိရှိနိုင်ရန် အခွင့်အလမ်းနည်းပါးပါသည်။ စာမတတ်သူများ၏ သုံးပုံနှစ်ပုံမှာ မိသားစုဝင်များ၏ ဖျားနာခြင်းကို မကြာခဏ တာဝန်ယူပြုစုစောင့်ရှောက်နေရသူ အမျိုးသမီးများနှင့် မိန်းကလေးများဖြစ်ကြပြီး သူတို့သည် စာမတတ်သည့်အတွက် ရောဂါကာကွယ်ရေးနှင့် အထောက်အပံ့ရရှိရေးတို့ကို မသိရှိနိုင်သည့်နည်းတူ အသက်ကယ်ဆေးများနှင့် အခြားကုသမှုများကို မည်သို့အသုံးပြုရမည်ကိုလည်း သိရှိရန် အလားအလာနည်းပါးပေလိမ့်မည်။

စာတတ်မြောက်မှုစွမ်းရည် တိုးတက်မြင့်မားလာစေရန်မှာ တိကျသောမူဝါဒ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် တိုးမြှင့်သည့် ရင်းနှီးမြှုပ်နှံမှုလိုအပ်ပါသည်။ မိခင်ကျန်းမာရေး၊ အိပ်ချ်အိုင်ဗွီနှင့် ငှက်ဖျားတိုက်ဖျက်ရေးတို့ကို အဓိကထားသည့် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ ပေါက်မြောက်စေရန်နှင့် ကမ္ဘာ့အရေးကြီးဆုံး လူထုကျန်းမာရေးစိန်ခေါ်မှုများကို ရင်ဆိုင်ရန်အတွက် စာတတ်မြောက်ခြင်းသည် မရှိမဖြစ်လိုအပ်ပါသည်။ ယနေ့ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် ကျွန်ုပ်တို့အစိုးရများ၊ ကုလသမဂ္ဂမိသားစု၊ အလှူရှင်များနှင့် အများပြည်သူအားလုံး ဤကတိပေးပြီးသောအလုပ်ကို အင်တိုက်အားတိုက် အားမာန်အပြည့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြပါစို့။ လူသားအားလုံးအတွက်စာတတ်မြောက်ခြင်းသည် ကျွန်ုပ်တို့အားလုံးအတွက် အကျိုးကျေးဇူးရရှိမည်ဖြစ်ပါသည်။ ။

*** ရွှေဖုံးမှ**

ရွှေပြည်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဗုံးပေါက်ကွဲမှုဖြစ်စဉ် မှတ်တမ်းဓာတ်ပုံများ၊ နာဂစ်လှုပ်ရှားမှုနှင့် အင်တာနက်တွင် တင်ထားသော နိုင်ငံရေးလှုပ်ရှားမှုများအား ကူးယူထားသည့် VCDခွေများ၊ နိုင်ငံရေးနှင့် ပတ်သက်သော စာအုပ်များ၊ နိုင်ငံရေးအန်တုမှု သင်ခန်းစာ၊ ဖောက်ခွဲရေး သင်ခန်းစာ၊ ဗကပအထွေထွေအတွင်းရေးမှူး အစီရင်ခံစာ၊ CIAထုတ် မြို့ပြပြောက်ကျားလုပ်နည်း၊ မြေအောက်လုပ်ငန်းလမ်းညွှန်၊ မြို့တွင်းပြောက်ကျားနှင့် နိုင်ငံရေးဟောပြောမှု စာရွက်စာတမ်းများ၊ NGDအဖွဲ့ဝင်များထံမှ သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးသုံး ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၉-၂၀၀၈ (တနင်္လာနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဉာဏ်ဖြင့်ဆင်ခြင် ဝိဿနာအမြင်"တရားတော် (ဆရာတော် ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
၇း၅၅ - ၁း၅၅	စနစ်တကျစိုက်ပျိုး သစ်ခွအမျိုးမျိုး
၈း၁၀ - ၂း၁၀	Activities In The City [အေးငြိမ်းချမ်းသာထီဂေဟာမှ ကျပ်သိန်း (၅၀၀) အပိုဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား]
၈း၂၀ - ၂း၂၀	လူတိုင်းအတွက် ရှေးဦးသူနာပြု (သွေးယိုထွက်မှုများ)
၈း၄၅ - ၂း၄၅	ရှင်နှောင်းကျောင်းရောက်ပြီ (ကြည်စိုး၊ ထူးသာ၊ ချောနုဝင်း၊ ယွန်းငုံဖူး) (ဒါရိုက်တာ-ဦးခင်ဇော်)
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	2008 ZTE DOUBLE SNOOKER TOURNAMENT
၉း၃၅ - ၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀ - ၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅ - ၃း၄၅	Breaking into a Run to Happiness
၁၀း၃၀ - ၄း၃၀	မိုးလေးဝသခန့်မှန်းချက်
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ - ၄း၄၀	MRTV-4ကျန်းမာရေးကဏ္ဍ(OAဒူးနာရောဂါအကြောင်း) (အပိုင်း-၂) (ပါမောက္ခဒေါက်တာဦးနေဝင်းနှင့် တွေ့ဆုံခြင်း)
၁၁း၀၅ - ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀	စွဲမက်ဖွယ်ရာထူးကဲအရသာရှိသော စားသောက်ဖွယ်ရာများ
၁၁း၄၀ - ၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅ - ၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀ - ၅း၅၀	နိုင်ငံတကာအနုပညာရေးရာ
၁၂း၁၀ - ၆း၁၀	သင်လွယ်၊ တတ်လွယ်၊ အသုံးပြုလွယ်
၁၂း၂၅ - ၆း၂၅	Biz Net
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	စိမ်းစိမ်းစိုစို ဆေးဖက်ဝင်လှသကို
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၇

၂၀၀၈ခုနှစ် စက်တင်ဘာ ၇ရက် မြန်မာစံတော်ချိန် ၁၉နာရီ၊ ၂၃မိနစ်၊ ၀၇စက္ကန့် အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင်၁၂၀ခန့် ကွာဝေးသောနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ဒသမ၈အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

ဒေသအချို့တွင် စာတတ်နှုန်းများ မြင့်လာသည့်တိုင် လူဦးရေတိုးပွားလာမှုကြောင့် စာမတတ်သူများပြားလျက်ရှိ

နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားသို့ပေးပို့သည့် ယူနက်စကို ညွှန်ကြားရေးမှူးချုပ် မစ္စတာကိုအီချီရိုမတ်ဆုရာ၏ သဝဏ်လွှာ ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၈ ရက်

ယခုနှစ်သည် ၂၀၀၃ခုနှစ်မှ စတင်ခဲ့သော ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်၏ ခရီးတစ်ဝက်ကျော်ရောက်နေပြီဖြစ်သော်လည်း လူငယ်များနှင့်အသက် ၁၅ နှစ်နှင့် အထက်ရှိသူများ ငါးဦးအနက် တစ်ဦးသည် လမ်းအမှတ်အသား၊ ကာတွန်းစာအုပ်၊ မြေပုံ၊ သတင်းစာ၊ လျှို့ဝှက်ဆန္ဒမဲပေးရမည့် နာမည်များ၊ ဆေးပုလင်းပေါ်ရှိ ညွှန်ကြားချက်များကို ဖတ်တတ်ရန်အတွက် လိုအပ်သော အခြေခံကျွမ်းကျင်မှုများ မရှိကြချေ။ ကမ္ဘာကြီးတွင် အသိပညာနှင့် နည်းပညာရပ်များ မြင့်မားစွာ တိုးတက်နေသော်လည်း ၇၇၄ သန်းသော သက်ကြီးများသည် စာမတတ်သူများဖြစ်ကြသည်။ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းရှိ စာမတတ်သူအရေအတွက် ထက်ဝက်ကို လျှော့ချရန် ရည်မှန်းချက်သည် ကျွန်ုပ်တို့အဖို့ အလှမ်းဝေးနေသေးသည်။ ဒေသအချို့တွင် စာတတ်နှုန်းများ မြင့်လာသည့်တိုင်အောင် လူဦးရေတိုးပွားလာမှုကြောင့် စာမတတ်သူ များပြားလျက်ရှိနေသေးသည်။ ထိုအချက်သည် လူသားများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ် ခြိမ်းခြောက်နေမှု တစ်ရပ်ပင်ဖြစ်သည်။

ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့သည် စာတတ်မြောက်ရေးနှင့်ကျန်းမာရေးအကြား ဆက်သွယ်နေမှုများကို မီးမောင်းထိုးပြသောနှစ် ဖြစ်သည်။ ပြည်သူ့ကျန်းမာရေးမူဝါဒများနှင့် နည်းဗျူဟာများတွင် စာတတ်မြောက်ရေးကို ဗဟိုချက်အဖြစ်မထားလျှင် ယနေ့ ကျန်းမာရေးနှင့်ဆိုင်သော ကိစ္စရပ်များကို ထိရောက်စွာ မဖြေရှင်းနိုင်ပါ။ စာမတတ်သူတစ်ဦးအဖို့ ကျန်းမာရေးချွတ်ယွင်းရန် ပိုမိုလွယ်ကူသလို သူနှင့်သူ့မိသားစု သို့မဟုတ် ရပ်ရွာအတွက် ဆေးဝါးအကူအညီရှာဖွေရန်လည်း ခက်ခဲမည်ဖြစ်သည်။ ကလေး ၁၀ သန်းခန့်သည် ငါးနှစ်မရောက်မီ သေဆုံးကုန်ပြီး ထိုကလေးများအနက်မှ အများစုမှာ ကာကွယ်ကုသ၍ရသော ကူးစက်ရောဂါများကြောင့် သေဆုံးရခြင်းဖြစ်သည်။ ဆင်းရဲနွမ်းပါးသော ကလေးများမှာလည်း ဆိုးရွားသော ဖျားနာမှုအတွက် ဆေးဝါးကုသခံယူရမှု နည်းပါးနေသည်။ ငှက်ဖျားရောဂါကြောင့် နှစ်စဉ် လူ့အသက်ပေါင်းတစ်သန်းကျော် ဖိတ်စဉ်လျက်ရှိရာ စာမတတ်သူဦးရေများအကြား ငှက်ဖျားရောဂါဖြစ်ပွားမှုမှာ အမြင့်မားဆုံးဖြစ်သည်။ ထို့ကြောင့် စာတတ်မြောက်မှုအဆင့်သည် ကျန်းမာရေးဆိုင်ရာ အမူအကျင့်များကို ရှာဖွေရာ၌ တိုက်ရိုက်သက်ရောက်မှုရှိသည်။ မူလတန်းလွန်ပညာရေး တတ်မြောက်သူအမျိုးသမီးများသည် စာမတတ်သူ အမျိုးသမီးများထက် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်နှင့် ပတ်သက်သော အချက်အလက်များကို ငါးဆပို၍သိရှိကြသည်။ ကျန်းမာရေးနှင့်တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပတ်သက်နေသော ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များဖြစ်သည့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ ကျား/မတန်းတူ အခွင့်အရေးရရှိရေး၊ ကလေးအသေအပျောက်နှုန်း လျှော့ပါးရေး၊ ကိုယ်ဝန်ဆောင်မိခင်၏ ကျန်းမာရေး တိုးတက်ရေး၊ အိပ်ချ်အိုင်ဗွီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးတို့ကို စာတတ်မြောက်ရေးလုပ်ငန်း မလုပ်ဆောင်ဘဲ မရောက်ရှိနိုင်ပါ။

စာတတ်ခြင်းသည် စွမ်းအားတစ်ရပ်ဖြစ်သည်။ စာတတ်ခြင်းသည် အသိ တရားကို နှိုးဆွပေးသလို တစ်ဦးချင်း၊ မိသားစုနှင့်ပတ်ဝန်းကျင်၏ အမူအကျင့်များကိုလည်း လွှမ်းမိုးနိုင်သည်။ စာတတ်ခြင်းသည် လူမှုဆက်ဆံရေးကို တိုးတက်စေပြီး အသိပညာရစေသည်သာမက ဆုံးဖြတ်ချက်များချမှတ်ရာတွင် လိုအပ်သော မိမိကိုယ်ကို ယုံကြည်မှုနှင့် တန်ဖိုးထားမှု အရည်အသွေးများကိုလည်း တည်ဆောက်ပေးသည်။ စာတတ်မြောက်ရေး အစီအစဉ်တစ်ခုတွင် ဝင်ရောက်သင်ကြားနေသော အမျိုးသမီးတစ်ဦးသည် ကျန်းမာရေးနှင့် သားဆက်ခြား အသိပညာ ပိုမိုရရှိလိမ့်မည်ဖြစ်သည်။ သူမကိုယ်တိုင်နှင့် သူမ၏ ကလေးများအတွက် ကျန်းမာရေးကြိုတင် ကာကွယ်မှုများကို ပိုမိုလုပ်ဆောင်လိမ့်မည်ဖြစ်သည်။ သူမအနေဖြင့် ဆေးဝါးအကူအညီကို ပိုမိုလွယ်ကူစွာ ရှာဖွေနိုင်မည်ဖြစ်သလို ကျန်းမာရေးစောင့်ရှောက်မှု ဌာနများကိုလည်း ပို၍အသုံးချ လာမည်ဖြစ်သည်။ နောက်ဆုံးတွင် သူမသည် ဆေးဝါးနှင့်ပတ်သက်သော ညွှန်ကြားချက်များကို ပိုမိုလွယ်ကူစွာ လိုက်နာနိုင်မည်ဖြစ်ပြီး သူမကိုယ်တိုင် သို့မဟုတ် အနီးစပ်ဆုံးဆွေမျိုးသားချင်းများကို ထိရောက်စွာ ကုသမှုပြုလုပ်နိုင်မည်ဖြစ်သည်။ အတိုချုပ်အားဖြင့် စာတတ်မြောက်ခြင်းသည် ကျန်းမာရေးကို ခြိမ်းခြောက်နေသော အရာများအား ကုစားရာတွင် စွမ်းအားအထက်ဆုံး အရာတစ်ခုဖြစ်ပြီး အာဟာရပြည့်ဝရေး၊ ရောဂါကာကွယ်ရေးနှင့် ကုသရေးတို့ကို တိုးမြှင့်ပေးသော စွမ်းအားလည်းဖြစ်ပေသည်။

၂၀၀၈ ခုနှစ် ယူနက်စကို နိုင်ငံတကာစာတတ်မြောက်ရေးဆု ရရှိသူများသည် ကျန်းမာသန်စွမ်းသော လူ့အဖွဲ့အစည်းမြှင့်တင်ရာတွင် စာတတ်မြောက်မှုက မည်မျှအရေးပါကြောင်း နမူနာများဖြင့် လှုံ့ဆော်ရေးသားကြသူများဖြစ်သည်။ တောင်အာဖရိကနိုင်ငံ၏ 'ကွမ်နီဘယ်လာပရိုဂျက်'သည် စာတတ်မြောက်ရေးအစီအစဉ်များတွင် အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်ဆိုင်ရာ အသိပညာများကို ပေါင်းစပ်သင်ကြားပေးသော ဆန်းသစ်တီထွင်သည့် နည်းတစ်ခု ဖြစ်သည်။ ဇမ်ဘီယာနိုင်ငံတွင် ပြည်သူလူထု လှုပ်ရှားမှု အစည်းအဝေးဖြင့် စနစ်တကျ စုစည်းအကောင်အထည်ဖော် ဆောင်ရွက်သည့် 'အိပ်ချ်အိုင်ဗွီနှင့် ရောင်ပြန်ဟပ်မှုအစီအစဉ်'သည် မိခင်ဘာသာ စကားသုံးယဉ်ကျေးမှု အစီအစဉ်များအတွက် မှတ်သားသတိပြုစရာဖြစ်သည်။ 'အယ်လ်ဖာဘက် တီဇန်ဒိုကွမ်ဆော့ဒီ'ဟု ခေါ်သော ဘရာဇီးနိုင်ငံ၏ အစီအစဉ်သည် ကျူရီတီဗာမြို့၌ မြူနီစီပယ် ကျန်းမာရေးနှင့်ပညာရေး အဖွဲ့အစည်းများ အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးရလဒ်များကို ဖော်ပြသည်။ အထက်ပါ အစီအစဉ်သည် နာတာရှည်ရောဂါဝေဒနာသည်များ၊ မိမိကိုယ်မိမိ ကောင်းစွာမစောင့်ရှောက်နိုင်သူများနှင့် တစ်ဦးထီးတည်းနေတတ်သူများအထိ လက်လှမ်းမီသည်။ အီသီယိုးပီးယားနိုင်ငံ၌ 'လက်ထရေစီပလပ်စ်' အစီအစဉ်သည် အဓိကဦးတည်အုပ်စုဖြစ်သော ကျေးလက်ဒေသနေ အမျိုးသမီးများအား ငှက်ဖျားရောဂါကာကွယ်သည့် ခြင်ထောင်များ အသုံးချမှုကို မြင့်တက်လာအောင် ဆောင်ရွက်ပေးနိုင်သည်။

ဖော်ပြပါ တီထွင်ဆန်းသစ်ပြီး အောင်မြင်သော စာတတ်မြောက်ရေး အလေ့အကျင့်များသည် ကျန်းမာရန်အတွက် စာတတ်မြောက်ရေးသည် အဓိကအခန်းကဏ္ဍက ပါဝင်နေကြောင်း ပြသလျက်ရှိသည်။

ယူနက်စကိုအနေဖြင့် စာတတ်မြောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်ရန်နှင့် နိုင်ငံသားများက တန်ဖိုးထားလုပ်ဆောင်ရန်အတွက် ရှင်းလင်းပြတ်သားသောမူဝါဒများ ချမှတ်နိုင်အောင် နိုင်ငံများအား အားပေးတိုက်တွန်းသည့် လုပ်ငန်းတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။ ယူနက်စကို၏ စွမ်းအားမြှင့်တင်ရန် စာတတ်မြောက်ရေး စတင်အကောင်အထည်ဖော်မှု အစီအစဉ်၊ ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း ခြောက်ကြိမ်ဆက်တိုက်ကျင်းပသည့် အဆင့်မြင့်ဒေသတွင်း အစည်းအဝေးပွဲများနှင့် ၂၀၀၈ ခုနှစ် မေလတွင် ဘရာဇီးနိုင်ငံ ဘီလမ်မြို့၌ ကျင်းပသည့် ခြောက်ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သက်ကြီးပညာရေး ညီလာခံအပါအဝင်ဖြစ်သည့် စတင်အကောင်အထည်ဖော်မှု အစီအစဉ်အတော်များများသည် စာတတ်မြောက်ရေးဆောင်ရွက်မှု အရှိန်အဟုန်ကို အားဖြည့်ပေးနေကြောင်း ညွှန်ပြလျက်ရှိသည်။

တိကျစွာပြောရလျှင် စာတတ်မြောက်ခြင်းသည် ပြောင်းလဲမှုနှစ်ခု၏ ဆုံတွေ့ရာအမှတ်ပင်ဖြစ်သည်။ နိုင်ငံများအနေဖြင့် စာတတ်မြောက်ရေး လုပ်ငန်းအပေါ် ပိုမိုဦးဆောင်မှုပေးရန်နှင့် အသုံးစရိတ်ကို တိုးမြှင့်သုံးစွဲရန် မဖြစ်မနေ လိုအပ်သလို အလှူရှင်များဘက်မှလည်း မိမိတို့၏ ကူညီထောက်ပံ့မှုကို စာတတ်မြောက်ရေး လုပ်ငန်းအပေါ် ပိုမိုဖောင်းပေးလှူဒါန်းရန်လည်း မဖြစ်မနေလိုအပ်ပေသည်။ လူငယ်နှင့်သက်ကြီးသင်ယူမှု အစီအစဉ်များကို ကြိုးစားမြှင့်တင်ရန်၊ ထိုသူတို့၏ အရည်အသွေးများမြင့်မားစေရန်နှင့် လူကြီး၊ လူငယ်မရွေးရရှိပြီး ကျွမ်းကျင်မှုများကို ရေရှည်အသုံးချနိုင်ရန် အားပေးတိုက်တွန်းနေသော စာတတ်မြောက်မှု ဝန်းကျင်တစ်ခုဖြစ်ထွန်းလာစေရန်တို့မှာ အရေးတကြီး လိုအပ်နေပြီဖြစ်ပါသည်။

ရှေ့လာမည့် စိန်ခေါ်မှုအတွက် ကျွန်ုပ်တို့အားလုံး ပူးပေါင်းတာဝန်ယူကြပါစို့။ ။

ကိုအီချီရိုမတ်ဆုရာ

✧ စာမျက်နှာ ၅ မှ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

၂၀၁၀ ပါတီစုံ အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်မှုများကို အားလုံးအတွက် အချိန်မီဆောင်ရွက်နိုင်အောင် သက်ဆိုင်ရာတာဝန်ရှိတဲ့သူတွေကဆောင်ရွက်လျက်ရှိနေပါတယ်။ နောက်မေးခွန်းဖြစ်တဲ့ NLDကို ၂၀၁၀ မှာ ရွေးကောက်ပွဲဝင်ခွင့်ပြု မပြုဆိုတာနဲ့ ပတ်သက်လို့ကတော့ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့သော်လည်းကောင်း၊ နောင်မှာ ပြဋ္ဌာန်းပေါ်ပေါက်လာမယ့် နိုင်ငံရေးပါတီဆိုင်ရာဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနဲ့သော်လည်းကောင်း ညီညွတ်တဲ့ နိုင်ငံရေးပါတီတိုင်းဟာ ၂၀၁၀မှာ ဝင်ရောက်အရွေးခံခွင့်ရကြမှာဖြစ်ပါတယ်။

ဦးကျော်စွာမင်း (Flower News ဂျာနယ်)

အခု ရဲမှုခင်းတွေဖော်ထုတ်နေတဲ့နေရာမှာ မီဒီယာပိုင်းတွေက အရမ်းအရေးကြီးပါတယ်။ အပြန်အလှန်ဆက်စပ်မှုလည်းလိုပါတယ်။ ဒါကြောင့် မို့လို့ ရန်ကုန်နဲ့ မန္တလေးတို့မှာ ရဲတပ်ဖွဲ့ကနေပြီးတော့ မီဒီယာအဖွဲ့တွေနဲ့ နေ့တိုင်း (သို့) တစ်ပတ်တစ်ခါ မှုခင်းတွေအကြောင်း ရှင်းလင်းပွဲတွေ လုပ်ပေးဖို့ အစီအစဉ်များ ရှိပါသလား။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

Mediaပိုင်းနဲ့က အပြန်အလှန်ဆက်စပ်မှု သဘောပေါက်ပါတယ်။ ဆောင်ရွက်ဖို့လည်း ရှိပါတယ်။ လောလောဆယ်တော့ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်ကို Focal Pointထားပါတယ်။ ထူးခြားဖြစ်စဉ်တွေ ဖြစ်လာလို့ မေးစရာမြန်းစရာရှိလာတယ်ဆိုရင် ရဲမှူးကြီးဝင်းနိုင်နဲ့ ဆက်သွယ်ပြီး ဆောင်ရွက်သွားနိုင်ပါတယ်။ နေပြည်တော် Focal Pointမှာ စီမံလေ့ကျင့်ဌာနက ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင်ဖြစ်ပြီး မန္တလေးမှာတော့ ဒုရဲမှူးကြီး အောင်နိုင်ဦးကို တာဝန်ပေးထားပါတယ်။ အဲဒီပုဂ္ဂိုလ်များနဲ့ ဆက်စပ်ပြီး ဆောင်ရွက်သွားနိုင်ပါတယ်။ လောလောဆယ်ကတော့ ထူးခြားဖြစ်စဉ်တွေ ဖြစ်လာတယ်ဆိုရင် ကျွန်တော်တို့သတ်မှတ်ပေးတဲ့ Focal Point မှာပဲ သတင်းယူတဲ့လုပ်ငန်းမျိုး ဆောင်ရွက်သွားနိုင်ကြောင်း ဖြေကြားလိုပါတယ်။

ဦးဝင်းအောင် (Eco Vision ဂျာနယ်)

ကျွန်တော်တို့ ဂျာနယ်က သတင်းထောက် မအိမ့်ခိုင်ဦး ထိန်းသိမ်းခံရတာ သုံးလခန့် ရှိပါပြီ။ အဲဒါနဲ့ပတ်သက် ပြီးတော့ အခြေအနေ သိချင်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

ဖမ်းဆီးထိန်းသိမ်း စစ်ဆေးမှုတွေ အားလုံးကတော့ ကိုယ်တိုင်သော်လည်းကောင်း (သို့) ပါဝင်ဆက်စပ်မှုကြောင့်သော်လည်းကောင်း သက်ဆိုင်တဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီကိစ္စအားလုံးက On Going Caseတွေဖြစ်ပါတယ်။ ဆောင်ရွက်ဆဲလုပ်ငန်းတွေဖြစ်ပါတယ်။

ဒေါက်တာဇော်သန်း (ဆန်ကေရှင်ဘွန်း)

နိုင်ငံခြား သတင်းထောက်တွေရဲ့ Bureau Chiefတွေ အားလုံးက ဘန်ကောက်မှာ ရှိကြပါတယ်။ သူတို့အနေနဲ့ မြန်မာပြည်ကို ရောက်ဖူးချင်ကြပါတယ်။ အဲဒါကြောင့် ပြည်ဝင်ခွင့်ဗီဇာကို နောက်တစ်နှစ်လောက် အတွင်းမှာပေါ့လေ ဝန်ကြီးတို့အနေနဲ့စဉ်းစားပေးပါလို့ တင်ပြချင်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

စဉ်းစားပေးပါမယ်။ အမြဲတမ်းလည်း စဉ်းစားပါတယ်။

ဦးလှထွေး (နီကေး သတင်းဌာန)

ဖြစ်နိုင်ရင် သတင်းစာရှင်းလင်းပွဲတွေကို ရန်ကုန်နဲ့ နေပြည်တော် တစ်လှည့်စီAlternate လေးလုပ်ပေးဖို့ မေတ္တာရပ်ခံပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ဦးလှထွေး ဆွေးနွေးသွားတာကို ကျွန်တော်တို့ မှတ်သားထားပါမယ်။

ဦးအောင်လှထွန်း (ရိုက်တာသတင်းဌာန)

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေကို ဘယ်အချိန်မှာ ထုတ်ပြန်ဖို့ ရှိပါသလဲ။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

အားလုံးအတွက် အချိန်မီဆောင်ရွက်နိုင်စေဖို့ သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြား အပ်ပါတယ်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတီးဘာသာရပ်အတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

ယမန်နေ့မှအဆက်

ပတ္တလားပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များ လေ့လာရန် တေးသီချင်းများ

၁။ ဝါသနာရှင်(ပထမတန်း)အဆင့်

(က) ဟေဝန်စုံမြိုင် (ပတ်ပျိုး)
(ခ) စုံသာမြိုင်လယ် (သီချင်းခံ)
(ဂ) ပန်းမြိုင်လယ် (ယိုးဒယား)
(ဃ) အောင်မင်္ဂလာ (ယိုးဒယား)
(င) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(စ) ကြောက်ဖွယ့်ဘုန်းတန်း (ကြိုး)
(ဆ) မှိုင်းပြာမှုန်ဝေ (ပတ်ပျိုး)
(ဇ) ညင်းညင်း (မွန်)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်

(က) ပန်းဟေဝန် (ယိုးဒယား)
(ခ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ဂ) စိန်ကြောင်နီလာ (ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့်

(က) ဆန်းရွှေဦး (ယိုးဒယား)
(ခ) ရွှေဘုန်းရွှေဘုန်းတော်လေတည့် (ကြိုး)
(ဂ) ညဥ့်သုံးယံခါ (ပတ်ပျိုး)

၄။ အခြေခံပညာအသက်(၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်

(က) မြန်သပြေဘွေတကျွန်းခြားမြေ (ယိုးဒယား)
(ခ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)
(ဂ) အောင်မြေမြမန်း (ပတ်ပျိုး)

၅။ အခြေခံပညာအသက်(၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)အဆင့်

(က) မြရည်နန္ဒာ (ဘွဲ့)
(ခ) မိုးဒေဝါ-ချိန်ခါလေ (ပတ်ပျိုး)
(ဂ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)

၆။ အခြေခံပညာအသက်(၅ နှစ်ပြည့်မှ ၁၀ နှစ်အတွင်း)အဆင့်

(က) ထွေတလာ (ကြိုး)
(ခ) သာယာ (ကြိုး)
(ဂ) ဇေယျာမြို့ (ကြိုး)

နှဲပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များ လေ့လာရန် တေးသီချင်းများ

၁။ ဝါသနာရှင်(ပထမတန်း)အဆင့်

(က) ညို့ညို့ဆိုင်းဆိုင်း (ပတ်ပျိုး)
(ခ) စိန်ကြယ်ညီးလင်း (မွန်)
(ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ဃ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(င) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(စ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ဆ) မြိုင်ဂန္ဓမာ (ယိုးဒယား)
(ဇ) ကောင်းချီးသဒ္ဒါ (မွန်)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်

(က) ပန်းညောင်လှိုင်ဖွဲ့ (ယိုးဒယား)
(ခ) ရေယမုန် (ပတ်ပျိုး)
(ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့်

(က) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)
(ခ) ဂန္ဓမာတောင် (ဘွဲ့)
(ဂ) ကျွန်းကျွန်းပိုင်သ (ကြိုး)

၄။ အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)အဆင့်

(က) လဲ့လဲ့ငယ်စိမ်းရောင် (ကြိုး)
(ခ) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ဂ) ဟေမဝန်ချာ (ဘွဲ့)

၅။ အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)အဆင့်

(က) ဇေယျာမြို့ (ကြိုး)
(ခ) မှန်ညောင်သဥ္စာ (ဝတ်ရုံတော်ဘွဲ့)
(ဂ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

၆။ အခြေခံပညာအသက်(၅-နှစ်ပြည့်မှ ၁၀နှစ်အတွင်း)အဆင့်

(က) ထွေတလာ (ကြိုး)
(ခ) ဝေဘာဂီရိ (ကြိုး)
(ဂ) သာယာ (ကြိုး)

တယောပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များ လေ့လာရန် တေးသီချင်းများ

၁။ ဝါသနာရှင်(ပထမတန်း)အဆင့်

(က) ခိုင်ပန်းစုံမှုံမာလာ (ယိုးဒယား)
(ခ) မဏိကဥ္စနာ (ပတ်ပျိုး)
(ဂ) ဘုန်းဆင့်ဆင့်တိုး (ပတ်ပျိုး)
(ဃ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(င) ပန်းဟေဝန် (ယိုးဒယား)
(စ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
(ဆ) မြန်ချာမြေကို (ပတ်ပျိုး)
(ဇ) အမင်းမင်းခရ (သီချင်းခံ)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်

(က) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
(ခ) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ဂ) နီးအောင်ပင်လှမ်း (ကာလပေါ်)(ဒေါ်ကြည်အောင်)

၃။ အဆင့်မြင့်ပညာအဆင့်

(က) မင်းလမ်းစပ်ကာ (ကြိုး)
(ခ) မိုးလုံးပတ်လည် (ပတ်ပျိုး)
(ဂ) ရွှေအင်းဝ (ကာလပေါ်)(ဒေါ်မေရှင်)

၄။ အခြေခံပညာအသက်(၁၅-နှစ်ပြည့်မှ ၂၀-နှစ်အတွင်း)အဆင့်

(က) စကားဝါမြေ (ကာလပေါ်)(ရီရီသန့်)
(ခ) ဘုံဆောင်မြင့် (ကြိုး)
(ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)

၅။ အခြေခံပညာအသက်(၁၀-နှစ်ပြည့်မှ ၁၅-နှစ်အတွင်း)အဆင့်

(က) ရွှေဘုန်းရွှေဘုန်းတော်လေတည့်မှ (ကြိုး)
(ခ) ဂန္ဓမာတောင် (ဘွဲ့)
(ဂ) သုဝဏ္ဏသျှံ (ကာလပေါ်)(ပြည်လှဖေ)

၆။ အခြေခံပညာအသက်(၅-နှစ်ပြည့်မှ ၁၀-နှစ်အတွင်း)အဆင့်

(က) ဝေဘာဂီရိ (ကြိုး)
(ခ) ဓမ္မစက်တော် (ကာလပေါ်)(မြင့်မြင့်ရှိန်)
(ဂ) သီဒါသီဒါမြသား (ကြိုး)

ဆိုင်းတစ်ဦးချင်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

၁။ ဝါသနာရှင်(ပထမတန်း)

(က) မှိုင်းပြာမှုံဝေ (ပတ်ပျိုး)
(ခ) တောမြိုင်ခြေလမ်း (ယိုးဒယား)
(ဂ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(ဃ) အောင်မင်္ဂလာ (ယိုးဒယား)
(င) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(စ) ပုံပမာ (ကြိုး)
(ဆ) ရွှေပန်းပန်နှင့်ကိုယ်တော်နှင်းနံ့ (လေးထွေသံကတ်)
(ဇ) အာကာယံထဲ (ပတ်ပျိုး)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်

(က) စိန်ငွေလျှံ (ပတ်ပျိုး)
(ခ) မှိုင်းမှိုင်းမြ (သီချင်းခံ)
(ဂ) တောဟေဝန်လယ် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်

(က) မြန်သပြေညာ (ယိုးဒယား)
(ခ) ဝေယန်လိုပင် (ကြိုး)
(ဂ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)

၄။ အခြေခံပညာအသက်(၁၅-နှစ်ပြည့် မှ ၂၀- နှစ်အတွင်း)အဆင့်

(က) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ခ) ရွှေပင်ရွှေဘုန်း (ကြိုး)
(ဂ) မြန်သပြေဗွေဆင်းရွှေဝတ် (ယိုးဒယား)

၅။ အခြေခံပညာအသက်(၁၀-နှစ်ပြည့်မှ၁၅နှစ်အတွင်း)အဆင့်

(က) ဇမ္ဗူတောင်ညာ (ပတ်ပျိုး)
(ခ) ပြောင်ပြောင်ပြောင်နာဂိန် (ကြိုး)
(ဂ) ကိုးပါးပေါင်းစု (ကြိုး)

၆။ အခြေခံပညာအသက်(၅-နှစ်ပြည့် မှ ၁၀-နှစ်အတွင်း)အဆင့်

(က) ထွေတလာ (ကြိုး)
(ခ) သာယာ (ကြိုး)
(ဂ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

ငွေကြေးတစ်ခုတည်းအတွက်တောင် စိတ်ချယုံကြည်ရမှုမရှိဘဲ ဖြတ်စားလုပ်စား လုပ်နေသူတွေက ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအတွက် ကိုယ်ကျိုးစွန့်ဆောင်ရွက်နေတယ်ဆိုတာဟာ ရှေ့နောက်ညီလျော်မှုမရှိ

❑ ကျော်ဖုံးမှ

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျား-

တရားခံ ရန်ရွှေကို စစ်ဆေးဖော်ထုတ်ချက်များအရ ဗုံးဖောက်ခွဲမှုဖြစ်စဉ်ကို ကိုယ်တိုင် ကျူးလွန်ခဲ့သူဟာ ထန်းတပင် NLD လူငယ် ရန်ရွှေနဲ့ ရွှေပြည်သာ NLD ဇော်ဇော်အောင်တို့ နှစ်ဦးဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါတယ်။ဗုံးတပ်ဆင်နေစဉ် ကင်းအဖြစ် အနီးကပ်စောင့်ကြပ်ပေးသူကတော့ လှိုင်သာယာ NLD လူငယ် ရန်နောင်စိုး ဖြစ်ပါတယ်။ ဗုံးဖောက်ခွဲဖို့ ပြည်ပက အဓိကစီမံဆောင်ရွက်ပေးသူကတော့ FDB ကျော်ထက်ဖြစ်ပြီး ပြည်တွင်းကို ဗုံးသယ်ဆောင်လာသူကတော့ စစ်နိုင် (အဖွဲ့အစည်းစိစစ်ဆဲ)ဆိုသူဖြစ်ကြောင်းနဲ့ ဗုံးဖောက်ခွဲမယ့် ရန်ရွှေရဲ့ လက်ထဲကို ဗုံးပေးခဲ့သူကတော့ စစ်နိုင်နဲ့ HRDP မြင့်အေးတို့ဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါတယ်။ ဒီဖြစ်စဉ်တွင် ပါဝင်တဲ့ လေးဦးအနက် ဗုံးခွဲရာမှာ အဓိကဆောင်ရွက်ခဲ့တဲ့ ရန်ရွှေ၊ ဇော်ဇော်အောင်တို့နှစ်ဦးနဲ့ ဗုံးပေးသူ၊ ငွေကြေးတစ်ဆင့်ခံထောက်ပံ့သူဖြစ်တဲ့ မြင့်အေးတို့ သုံးဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး ကင်းစောင့်ပေးတဲ့ ရန်နောင်စိုးက တရားခံပြေးဖြစ်နေပါတယ်။

သတင်းစာဆရာကြီးများနှင့် ဧည့်သည်တော်ကြီးများခင်ဗျား-

ဒီဖြစ်စဉ်ကြီး တစ်ခုလုံးကို ပြည်တွင်း၊ ပြည်ပ အင်အားစုများ ဆက်စပ်ဆောင်ရွက်ခဲ့ရာမှာ အဓိကအကျဆုံးဖြစ်တဲ့ မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု FDB (Forum for Democracy in Burma) အကြောင်းကို အကျဉ်းမျှတင်ပြလိုပါတယ်။ FDB နှင့် ပတ်သက်ပြီး ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၄ ရက် သတင်းစာရှင်းလင်းပွဲမှာ FDB အဖွဲ့ရဲ့ ပြည်တွင်းသူလျှိုလုပ်ငန်းများ၊ ငွေကြေးထောက်ပံ့မှုများကို အကျယ်တဝင့် ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ **FDB အဖွဲ့ဟာ ပြည်တွင်းမှာရှိတဲ့ NLD အဖွဲ့ဝင်တွေ၊ လူငယ်အဖွဲ့ဝင်တွေ၊ တက်ကြွသောလူငယ်တွေကို တစ်ဖက်နိုင်ငံသို့ ခေါ်ယူပြီး ဖောက်ခွဲဖျက်ဆီးရေးသင်တန်း အပါအဝင် သင်တန်းတွေပေး၊ ပြည်တွင်း ပြန်လွှတ်ပြီး ပြည်တွင်း/ပြည်ပ ဆက်စပ်၍ နိုင်ငံတော်ကြီး မတည်မငြိမ်ဖြစ်အောင်၊ အန္တရာယ်ဖြစ်အောင် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်နေတဲ့ အကြမ်းဖက်အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။** FDB အဖွဲ့ဟာ တစ်ဖက်နိုင်ငံအခြေစိုက် ဆန့်ကျင်ဘက် အဖွဲ့အစည်းတွေစုပေါင်းပြီး အစိုးရဆန့်ကျင်ရေး အတိုက်အခံ အင်အားစုတစ်ရပ် ထူထောင်ရန် ဆွေးနွေးခဲ့ရာမှစလို့ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှာ ထိုင်းနိုင်ငံ မဲဆောက်မြို့မှာ စတင်ပေါ်ပေါက်ခဲ့တာဖြစ်ပါတယ်။ FDB အဖွဲ့အစည်းထဲမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ၊ ဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ) (ABFSU-FAC)၊ မြန်မာအမျိုးသမီးသမဂ္ဂ (WLB)၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ (DPNS)၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (NDD)၊ ပြည်သူ့ကာကွယ်ရေးတပ်(PDF)၊ ရောင်ခြည်ဦး အလုပ်သမားသမဂ္ဂ (YCOWA)ဆိုတဲ့ အဖွဲ့ ခုနစ်ဖွဲ့အပြင် တိတ်နိုင် (AAPP)နဲ့ ရဲနိုင် (ပုဂ္ဂလိက)တို့ပါဝင်ပါတယ်။ FDB အဖွဲ့ကို စတင်ဖွဲ့စည်းစဉ်မှာပဲ FDB ရဲ့ အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်တဲ့ အဖွဲ့ဝင် ၂၅ ဦး ပါဝင်တဲ့ "မူဝါဒဦးဆောင်အဖွဲ့"ကို ဖွဲ့စည်းခဲ့ပြီး အထွေထွေ အတွင်းရေးမှူးချုပ် နိုင်အောင် (NDD)၊ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ကျော်ထက် (PDF) ပါဝင်တဲ့ ကိုးဦးပါ အတွင်းရေးမှူးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ FDB ဟာ ၂၀၀၆ ခုနှစ် ဇူလိုင် ၂ရက်မှ ၇ ရက်အထိ ပထမအကြိမ် ညီလာခံတစ်ရပ်ကျင်းပခဲ့ပြီး ပြည်တွင်းမှာ လူထုတိုက်ပွဲဖော်ဆောင်ရေး မဟာဗျူဟာကို ချမှတ်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ အခြားသော ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေဖြစ်တဲ့ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီ NCUB ကလည်း ABSDF၊ ABFSU-FAC၊ DPNS၊ BWU၊ YCOWA၊ NDD တို့က ကိုယ်စားလှယ်တွေပါတဲ့ ပြည်တွင်း လူထုတိုက်ပွဲကော်မတီတစ်ရပ်ကို ထူထောင်ပြီး FDB ရဲ့ လုပ်ငန်းတွေကို ထပ်ပိုးဖြည့်ဆည်းပေးခဲ့ပါတယ်။

FDB အဖွဲ့ကို ဦးဆောင်နေသူ တစ်ဦးဖြစ်တဲ့ ကျော်ထက်ဟာ မန္တလေးတိုင်း မလှိုင်မြို့နယ် ရုံးတောရွာဇာတိဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ် ဆူပူဆန္ဒပြမှု အရေးအခင်းမှာ တောခိုသွားသူဖြစ်ပါတယ်။ ပြည်သူ့ကာကွယ်ရေးတပ် (PDF)မှာ ဗိုလ်မှူးကြီးဟောင်း စိန်မြ သေဆုံးသွားပြီးတဲ့နောက် ၁၉၉၆ ခုနှစ်မှာ ကျော်ထက်က အာဏာသိမ်းပြီး တိုက်ခိုက်ရေးအင်အား ၇၀ ခန့်နဲ့ PDF ကို ဦးဆောင်လှုပ်ရှားခဲ့တာဖြစ်ပါတယ်။ အဲဒီအဖွဲ့ဟာ ပြည်တွင်းသတင်းတွေကို ရယူပြီး ပြည်ပနိုင်ငံအချို့ကို ဆက်သွယ်သတင်းပေးပို့ခြင်းအားဖြင့် ငွေကြေးထောက်ပံ့မှုများရယူလျက်ရှိသလို စစ်ရေးလှုပ်ရှားမှုအပိုင်းမှာ KNU နဲ့ ပူးပေါင်းဆောင်ရွက်နေပြီး နိုင်ငံရေး လှုပ်ရှားမှုအပိုင်းမှာ NLD-LA၊ FDB၊ DAB၊ NCUB စတဲ့ အဖွဲ့တွေနဲ့ ပူးပေါင်းလှုပ်ရှားနေတဲ့အဖွဲ့ ဖြစ်ပါတယ်။ ဒါ့အပြင် FDB အဖွဲ့ဟာ George Soros ရဲ့ အဆက်အနွယ်ဖြစ်တဲ့ Open Society Institute (OSI) အဖွဲ့နဲ့ National Endowment of Democracy (NED)

ဗုံးဖောက်ခွဲမှု ကျူးလွန်ခဲ့သူ ထန်းတပင်မြို့နယ် NLD လူငယ် ရန်ရွှေ။
(သတင်းစဉ်)

ဗုံးဖောက်ခွဲမှု ကျူးလွန်ခဲ့သူ ရွှေပြည်သာမြို့နယ် NLD လူငယ် ဇော်ဇော်အောင်။
(သတင်းစဉ်)

ဆိုတဲ့ အဖွဲ့ထံမှ အထောက်အပံ့တွေကို ရယူပြီး ပြည်တွင်းမှာရှိတဲ့ NLD ပါတီဝင်တွေ၊ NLD နုတ်ထွက်တွေ၊ လူငယ်အဖွဲ့ဝင်တွေ၊ ပြည်သူလူထု၊ ဝန်ထမ်း၊အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ သံဃာစတဲ့ လူထုလူတန်းစားများကြားမှာ စိမ့်ဝင်ထိုးဖောက်ကာ အမာခံများ မွေးမြူခဲ့ပါတယ်၊အဲဒီအမာခံများကို မဲဆောက်မှာရှိတဲ့ လူထုစည်းရုံးရေးသင်တန်း၊ Community Organization (CO)၊ နိုင်ငံရေးအန်တုမှုသင်တန်း Polictical Defiance (PD)၊ ခေါင်းဆောင်မှုသင်တန်း Leadership (LS)၊ မြေအောက်လုပ်ငန်း Under Ground (UG) သင်တန်း၊ မီဒီယာသင်တန်းနဲ့ ဖောက်ခွဲရေးသင်တန်းတွေကိုပါ တက်ရောက်စေပြီး လူထုဆူပူမှုဖြစ်အောင်၊ အစိုးရပြုတ်ကျအောင်၊လူတွေထိခိုက်ဒဏ်ရာရအောင်၊ ဘယ်နည်းဘယ်ပုံ ဆောင်ရွက်ရတယ်ဆိုတာတွေကိုပါ သင်ကြားပေးနေတာဖြစ်ပါတယ်။

သတင်းစာဆရာကြီးများနှင့် ဧည့်သည်တော်ကြီးများခင်ဗျား-

NLD ရန်ရွှေတို့ ဗုံးခွဲမှုအကြောင်း ပြန်လည်တင်ပြရရင် ရန်ရွှေဟာ ညွှန်ကြားချက်တွေအရ မြေပြင်မှာ အခြေအနေကြည့်ပြီးနောက် လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်တစ်ဝိုက်မှာ ဗုံးခွဲရမည့် ပစ်မှတ်ကိုရှာဖွေခဲ့ပါတယ်။ နောက်ဆုံးမှာ နိုင်ငံတော်အစိုးရကို သိက္ခာချဖို့နဲ့ တည်ငြိမ်မှုကို ပျက်ပြားစေရန်အတွက် ရွှေပြည်သာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးကိုပစ်မှတ်အဖြစ်ရွေးချယ်ခဲ့ပါတယ်။ အခြေအနေ အသေးစိတ်ကို ၁၅-၆-၂၀၀၈ ရက် ညနေ ၄ နာရီခွဲတွင် HRDP မြင့်အေးကို အခြေအနေ ပြန်လည်သတင်းပို့တင်ပြခဲ့ပါတယ်။ အဲဒီအတွက် မြင့်အေးက ရန်ရွှေကို စရန်ငွေ ကျပ်တစ်သိန်းခွဲ ပေးအပ်ခဲ့ကြောင်း သိရပါတယ်။

၁၆-၆-၂၀၀၈ ရက်မှာ စစ်နိုင် (အဖွဲ့အစည်းစိစစ်ဆဲ)ဆိုသူဟာ မြင့်အေးရဲ့ နေအိမ်ကို ရောက်လာပြီး ၃၀-၆-၂၀၀၈ရက် မွန်းလွဲ ၂ နာရီမှာ စမ်းချောင်းမြို့နယ် ဟသ်ာတလမ်းသို့ လာရောက်ရန်ချိန်းဆိုခဲ့လို့ ၃၀-၆-၂၀၀၈ ရက် မွန်းလွဲ ၁နာရီခန့်မှာ မြင့်အေးနဲ့ ရန်ရွှေတို့ဟာ ဗုံးကို လက်ပြောင်း/လက်လွှဲ ပြုလုပ်ရမည့် စမ်းချောင်းမြို့နယ် ဟသ်ာတလမ်းသို့ လမ်းလျှောက် ထွက်လာခဲ့ပါတယ်။ ဟသ်ာတလမ်းအရောက်မှာ စစ်နိုင် တာဝန်ပေးထားတဲ့ အသက် ၂၀ခန့် အမည်မသိလူငယ်တစ်ဦးက ကျွတ်ကျွတ်အိတ် အနက်ရောင်နဲ့ ထုပ်ထားတဲ့ ဖောက်ခွဲရေးမိုင်းပါတဲ့ အထုပ်တစ်ထုပ်ကို မြင့်အေးကိုပေးပြီး ပြန်ထွက်သွားခဲ့ပါတယ်။ ဒါကို မြင့်အေးက ရန်ရွှေကိုလက်လွှဲပေးခဲ့ပြီးနောက်မှာ ရန်ရွှေဟာ ဗုံးတပ်ဆင်ဖို့အတွက် ရွှေပြည်သာမြို့နယ်ကို ထွက်ခွာလာခဲ့ပါတယ်။ ညနေ ၅ နာရီ မိနစ် ၄၀ ခန့်တွင် ထန်းခြောက်ပင် မှတ်တိုင်အနီးရှိ လက်ဖက်ရည်ဆိုင်မှာ ရန်နောင်စိုး၊ ဇော်ဇော်အောင်တို့နဲ့ တွေ့ဆုံပြီး ဖောက်ခွဲရေးလုပ်ငန်းတွေကို ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ရန်ရွှေပါ သုံးဦးဟာ ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ဖို့ ညနေ ၆ နာရီခန့်မှာ ချင်းတွင်းလမ်းအတိုင်း ရွှေပြည်သာမြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းရုံးကို ထွက်ခွာခဲ့ပါတယ်။ NLD ရန်ရွှေ ဦးဆောင်တဲ့ ဗုံးထောင်မည့်အဖွဲ့ဟာ ညနေ ၆နာရီခွဲခန့်မှာ ရွှေပြည်သာမြို့နယ်အတွင်းရှိ ပြန်/ဆက်ရုံး နောက်ကျောဘက်လမ်းမှတစ်ဆင့် ရွှေပြည်သာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးကို ဝင်ရောက်ခဲ့ကြတာဖြစ်ပါတယ်။ ရန်နောင်စိုးက အသင်းရုံးရဲ့ အပြင်ဘက်မှာ လူရိပ်လူခြေ စောင့်ကြည့်ဖို့ ကြည့်ကင်းတာဝန်ယူပါတယ်။ ရန်ရွှေနဲ့ ဇော်ဇော်အောင်တို့ နှစ်ဦးကတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးရဲ့ နောက်ကျောခြံစည်းရိုးဘက်ကတစ်ဆင့် ချဉ်းကပ်ဝင်ရောက်ခဲ့ပြီး ဇော်ဇော်အောင်က ဒုတိယ ပြတင်းပေါက်ကတစ်ဆင့် ရုံးအတွင်းသို့ ရှေ့ကဝင်ရောက်ခဲ့ပါတယ်။ ရန်ရွှေက သူ့နောက်ကလိုက်ပါခဲ့ပြီး ဝင်ပေါက်အနီးမှာပဲ ဖောက်ခွဲရေးပစ္စည်းများကို နှစ်ယောက်အတူ အသက်သွင်း တပ်ဆင်ခဲ့တာဖြစ်ကြောင်း သိရပါတယ်။ ဗုံးတပ်ဆင်ရာမှာ အသင့်တပ်ဆင်ထားတဲ့ အရှည် ခြောက်လက်မ၊ အချင်း နှစ်လက်မခန့်ရှိ သဘော်ဆေး ရေညှိစိမ်းအကြည်ရောင် သုတ်ထားတဲ့ သံမဏိပိုက်နဲ့လုပ်ထားတဲ့ လက်လုပ်မိုင်းနဲ့ တရုတ်လုပ် အနက်ရောင် လေးထောင့်ပုံချိန်ကိုက်နာရီ အသေးတစ်လုံးကို အခင်းဖြစ်တဲ့ ဝင်ပေါက်အနားက စားပွဲခုံခြေထောက်အလယ်မှာ အဝါရောင် တိပ်နဲ့ကပ်ပြီး တပ်ဆင်ခဲ့တယ်လို့ သိရပါတယ်။ ဒီလို မိုင်းတပ်နေစဉ် ရုံးရှေ့မှာ ကြည့်ကင်းတာဝန် ပေးထားတဲ့ ရန်နောင်စိုးက လူသွားလူလာရှိကြောင်း လေချွန်ပြီး နှစ်ကြိမ်အချက်ပြခဲ့တာကြောင့် ခေတ္တစောင့်ဆိုင်းခဲ့ရသေးတယ်လို့ သိရပါတယ်။ ရန်ရွှေတို့အုပ်စုဟာ ရုံးခန်းအတွင်းမှာ တပ်ဆင်ခဲ့တဲ့ မိုင်းတွေကို ၁-၇-၂၀၀၈ ရက် နံနက် ၆ နာရီခွဲမှာ ကွဲစေဖို့ အချိန်ကိုက်ခဲ့ပြီး တိုက်ကြိုးကို အဝင်တံခါးမကြီးရဲ့ တံခါးရွက်မှာ တိပ်အဝါနဲ့ကပ်ခဲ့ပြီးမှ ည ၇နာရီခွဲမှာ လာလမ်းအတိုင်း ပြန်လည်ထွက်ခွာ လူစုခွဲခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက်မှာ အားလုံးသိတဲ့အတိုင်း ၁-၇-၂၀၀၈ရက် နံနက် ၆နာရီခွဲခန့်မှာ ရွှေပြည်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးမှာ ပြင်းထန်တဲ့ ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ခဲ့တာဖြစ်ပါတယ်။ ကံကောင်းထောက်မမှုကြောင့် လူထိခိုက်သေဆုံးမှုမရှိခဲ့ရတာပါ။



မဲဆောက်မှာရှိတဲ့ သူ့ဆရာ ကျော်ထက် (FDB)ဆီကို တယ်လီဖုန်းနဲ့ လုပ်ငန်းတာဝန် အောင်မြင်ပြီးဆုံးကြောင်း သတင်းပို့ခဲ့ပါတယ်။ ရန်ရွှေက ဖောက်ခွဲဖို့အတွက် ကြိုတင်ငွေ တစ်သိန်းခွဲသာရသေးလို့ လုပ်ငန်းပြီးစီးမှုအတွက် နောက်ထပ် ရသင့်တဲ့ ငွေကျပ် ၁၃ သိန်းခွဲကို ငွေအကျေပေးဖို့ တောင်းခဲ့ပေမယ့် မြင့်အေးက နောက်နေ့မှလာယူဖို့ ပြောခဲ့ပါတယ်။ ၂-၇-၂၀၀၈ ရက် နံနက် ၉ နာရီမှာ ရန်ရွှေဟာ မြင့်အေးရဲ့ နေအိမ်ကို ထပ်မံရောက်ရှိလာတဲ့အတွက် မြင့်အေးက ငွေကျပ် ငါးသိန်းပေးပြီး ကျန်ငွေကို အကြွေးအဖြစ် ကျန်ရှိနေဆဲ ဖြစ်ပါတယ်။

တစ်ဆက်ထဲ တင်ပြလိုတာကတော့ FDB အပါအဝင် နိုင်ငံတော်ကိုဆန့်ကျင်နေကြတဲ့ ပြည်ပက အဖွဲ့အစည်းတွေဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို ဟန်ဆောင်ဗန်းပြပြီး နိုင်ငံတကာရဲ့ ပေးစာကမ်းစာအဖြစ် ရရှိလာတဲ့ ငွေတွေကို အစိုးရဆန့်ကျင်ရေး၊ ပြည်တွင်းဆူပူရေး၊ ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းတွေမှာ အသွင်ပြောင်း အသုံးပြုနေကြပါတယ်။ အဲဒီလုပ်ငန်းတွေအတွက် ပြည်တွင်းအမာခံများကို ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေ ဆောင်ရွက်စေပြီး ပြည်ပကနေရလာတဲ့ ငွေကြေး ထောက်ပံ့ပေးရာမှာ အချင်းချင်း ဖြတ်စား လှုပ်စား

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျား-

၁-၇-၂၀၀၈ရက် မနက်ဗုံးကွဲပြီးနောက်မှာ ရန်ရွှေဟာ မြင့်အေးဆီသွားပြီး ဗုံးဖောက်ခွဲမှု အောင်မြင်ကြောင်း တင်ပြခဲ့လို့ မြင့်အေးက

ဖောက်ခွဲရေးသုံး ဆက်စပ်ပစ္စည်း ယမ်းကြိုးကို တွေ့ရစဉ်။
(သတင်းစဉ်)

ဖောက်ခွဲရေးတွင် အသုံးပြုသည့် ဒီတိုနေတာ (၅၄) ခုကို တွေ့ရစဉ်။
(သတင်းစဉ်)

ဖောက်ခွဲရေးတွင် အသုံးပြုသည့် နာရီသုံးလုံးနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။
(သတင်းစဉ်)

...လုပ်နေသူတွေက ...နောက်ဆီလျော်မှုမရှိ

မဲဆောက်မှာရှိတဲ့ သူ့ဆရာ ကျော်ထက် (FDB)ဆီကို တယ်လီဖုန်းနဲ့ လုပ်ငန်းတာဝန် အောင်မြင်ပြီးဆုံးကြောင်း သတင်းပို့ခဲ့ပါတယ်။ ရန်ရွှေက ဖောက်ခွဲဖို့အတွက် ကြိုတင်ငွေ တစ်သိန်းခွဲသာရသေးလို့ လုပ်ငန်းပြီးစီးမှုအတွက် နောက်ထပ် ရသင့်တဲ့ ငွေကျပ် ၁၃ သိန်းခွဲကို ငွေအကျေပေးဖို့ တောင်းခဲ့ပေမယ့် မြင့်အေးက နောက်နေ့မှလာယူဖို့ ပြောခဲ့ပါတယ်။ ၂-၇-၂၀၀၈ ရက် နံနက် ၉ နာရီမှာ ရန်ရွှေဟာ မြင့်အေးရဲ့ နေအိမ်ကို ထပ်မံရောက်ရှိလာတဲ့အတွက် မြင့်အေးက ငွေကျပ် ငါးသိန်းပေးပြီး ကျန်ငွေကို အကြွေးအဖြစ် ကျန်ရှိနေဆဲ ဖြစ်ပါတယ်။

တစ်ဆက်ထဲ တင်ပြလိုတာကတော့ FDB အပါအဝင် နိုင်ငံတော်ကိုဆန့်ကျင်နေကြတဲ့ ပြည်ပက အဖွဲ့အစည်းတွေဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို ဟန်ဆောင်ဗန်းပြပြီး နိုင်ငံတကာရဲ့ ပေးစာကမ်းစာအဖြစ် ရရှိလာတဲ့ ငွေတွေကို အစိုးရဆန့်ကျင်ရေး၊ ပြည်တွင်းဆူပူရေး၊ ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းတွေမှာ အသွင်ပြောင်း အသုံးပြုနေကြပါ

ရွှေပြည်သာပေါက်ကွဲမှုဖြစ်စဉ် ချိတ်ဆက်မှုများ



သံယာလှုပ်ရှားမှုဖြစ်ပေါ်စေရန် ဆောင်ရွက်သည့်အဖွဲ့အား ဖော်ထုတ်ရရှိ



တယ်။ အဲဒီလုပ်ငန်းတွေအတွက် **ပြည်တွင်းအမာခံများကို ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေ ဆောင်ရွက်စေပြီး ပြည်ပကနေရလာတဲ့ ငွေကြေး ထောက်ပံ့ပေးရာမှာ အချင်းချင်း ဖြတ်စား လှုပ်စား** ခေါင်းပုံဖြတ်ကြပါသေးတယ်။ အခုတင်ပြခဲ့တဲ့ ဖြစ်စဉ်မှာ စီမံသူ HRDP မြင့်အေးဟာ ဗုံးဖောက်ခွဲသူ ရန်ရွှေကို ၁၅ သိန်းပေးရမှာဖြစ်ပေမယ့် ၁၀သိန်းပေးမှာဖြစ်ပြီး ဆက်သွယ် ပေးရလို့ ငါးသိန်းကို ဖြတ်တောက်ရယူခဲ့တာကို တွေ့ရပါတယ်။ ဒီလိုပဲ အထက်က ဆရာကြီးဆိုသူတွေကလဲ ခေါင်းစဉ်အမျိုးမျိုးနဲ့ အသုံးစာရင်း တင်ပြပုံ့ပိုးပြီး ရထားသမျှ ဒေါ်လာငွေတွေနဲ့ နိုင်ငံရေးအကြောင်းပြုလို့ **ကိုယ်ကျိုးစီးပွားအတွက် လုပ်စားနေကြတာ ဖြစ်ပါတယ်။ အဲဒီလို ငွေကြေးတစ်ခုတည်း အတွက် တောင် စိတ်ချယုံကြည်ရမှုမရှိဘဲ ဖြတ်စားလှုပ်စားလုပ်နေသူတွေက ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အတွက် အနစ်နာခံကိုယ်ကျိုးစွန့် ဆောင်ရွက်နေကြတယ်ဆိုတာဟာ ရှေ့နောက်ဆက်စပ်ဆီလျော်မှုမရှိတဲ့ လုပ်ဇာတ်တွေပဲ ဖြစ်တယ်ဆိုတာ သိသာထင်ရှားနေပြီ ဖြစ်ပါတယ်လို့ ဆိုရမှာဖြစ်ပါတယ်။**

သတင်းစာဆရာကြီးများနှင့် ဧည့်သည်တော်ကြီးများခင်ဗျား-

ဒီနေရာမှာ ဖောက်ခွဲဖျက်ဆီးရေးကို ကိုယ်တိုင်ဆောင်ရွက်ခဲ့ကြသူများနဲ့ နောက်ကွယ်ကနေ ပံ့ပိုးပေးခဲ့သူများအကြောင်း ဖြည့်စွက်တင်ပြလိုပါတယ်။ ဗုံးများကို ကိုယ်တိုင်ကိုယ်ကျ လွှဲပြောင်း လက်ခံသယ်ယူခဲ့ပြီး တပ်ဆင်အသက်သွင်းခဲ့တဲ့ ရန်ရွှေဟာ ရန်ကုန်တိုင်း၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

...အသုံးပြုသည့် နာရီသုံးလုံးနှင့် ဆက်စပ် ... (သတင်းစဉ်)

...အသုံးပြုမည့် နာရီ (၃)လုံး

ချိန်ကိုက်နာရီတွင် အသုံးပြုမည့် ဓာတ်ခဲ၊မီးလုံးနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

ချိန်ကိုက်နာရီတွင် အသုံးပြုမည့် ဓါတ်ခဲ မီးလုံးနှင့် ဆက်စပ်ပစ္စည်းများ

ခဲဂဟေဆော်သည့် ခဲပေါက်၊ ခဲချောင်း၊ တိပ်၊ ပလာရာ၊ အမဲဆီဘူးနှင့် ဝက်အူလှည့်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ခဲဂဟေဆော်သည့် ခဲပေါက်၊ ခဲချောင်း၊ တိပ်၊ ပလာရာ၊ အမဲဆီဘူးနှင့် ဝက်အူလှည့်များ

ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ရာတွင် အသုံးပြုသည့် မီတာတိုင်းကိရိယာကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖောက်ခွဲရေးပစ္စည်းများတပ်ဆင်ရာတွင် အသုံးပြုသည့် မီတာတိုင်းကိရိယာ

လူ့အခွင့်အရေးလှုပ်ရှားမှုများကို ဗန်းပြ ဖောက်ခွဲရေးလုပ်ငန်းတွေ ဆောင်ရွက်ရန် စီမံခဲ့

● စာမျက်နှာ ၉ မှ

ထန်းတပင်မြို့နယ် ဝါးတရာကျေးရွာဇာတိဖြစ်ပြီး ထန်းတပင်မြို့နယ် NLD ပါတီ လူငယ်ဆက်သွယ်ရေးတာဝန်ခံအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံ မဲဆောက်အခြေစိုက် FDB က ဦးစီးဖွင့်လှစ်တဲ့ သင်တန်းများအနက် နိုင်ငံရေးအန်တုမှုသင်တန်း/ဖောက်ခွဲရေးသင်တန်း/ မီဒီယာသင်တန်း/ လူထုစည်းရုံးရေးသင်တန်း စတာတွေကို ၂၀၀၃ခုနှစ်ကတည်းကစပြီးNLD ပါတီဝင်တွေနဲ့အတူ တက်ရောက်ခဲ့သူဖြစ်ပါတယ်။ ဒ့ါအပြင် ရန်ရွှေဟာ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ကြည့်မြင်တိုင် NLD လူငယ်တာဝန်ခံ (၃) ထွန်းလင်းရဲ့ ဦးဆောင်မှုနဲ့ FDB ကျော်ထက်နဲ့ ဆက်သွယ်မှုရယူပြီး လူသစ်စုဆောင်းခြင်း၊ သင်တန်းပို့ဆောင်ခြင်းများကို လည်းကောင်း၊ ၂၀၀၈ခုနှစ်မှာ မြင့်အေး (HRDP)ရဲ့ ဦးဆောင်မှုဖြင့် တစ်ဖက်နိုင်ငံ အဖွဲ့အစည်းများအား ချိတ်ဆက်ရယူပြီး ရှေ့လုပ်ငန်းစဉ် ဆွေးနွေးခြင်း၊ ရွှေပြည်သာ ပြည်ခိုင်ဖြိုးရုံးအား လက်တွေ့ဖောက်ခွဲခြင်းများ ပြုလုပ်နိုင်အောင် အကြမ်းဖက်အဖွဲ့အစည်းများနှင့်ပါ ဆက်သွယ်မှုပြုလုပ်ခြင်းများကို လည်းကောင်း၊ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပါတယ်။

ရန်ရွှေနဲ့အတူ ဗုံးထောင်ရာမှာ ပါဝင်ခဲ့တဲ့ ဇော်ဇော်အောင်ဟာ ရွှေပြည်သာမြို့နယ် NLD ပါတီဝင်တစ်ဦးဖြစ်ပြီး ၂၀၀၂ခုနှစ်မှာ လူငယ်အဖွဲ့ဝင်(၃)အဖြစ် ရွေးချယ်ခံခဲ့ရပြီး တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သူ ဖြစ်ပါတယ်။ အဲဒီနောက် ၂၀၀၆ မတ်လ၊ စက်တင်ဘာလ၊ နိုဝင်ဘာလများမှာ မြဝတီမြို့မှတစ်ဆင့် မဲဆောက်သို့ သွားရောက်ခဲ့ကာ မဲဆောက်ရှိ ရင်ထွေး၊ ရွှေပြည်သာ NLD လူငယ် အိရွှေစင်ညွန့်တို့ရဲ့ အဆက်အသွယ် အစီအမံနဲ့ ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်ခဲ့သူဖြစ်ကြောင်း ကိုယ်တိုင်ထွက်ဆိုချက်များအရသိရပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျား-

ပြည်တွင်းဖောက်ခွဲရေးကိစ္စများကို လူ့အခွင့်အရေးလှုပ်ရှားမှုအရေခြုံပြီး လှုပ်ရှားခဲ့တဲ့ အဓိကဇာတ်ဆောင် HRDP မြင့်အေး အကြောင်းကို လည်းအကျဉ်းမျှ တင်ပြလိုပါတယ်။ မြင့်အေးဟာ ကြည့်မြင်တိုင်မြို့နယ် NLDဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှာ NLD ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခံရပြီးတဲ့နောက်ပိုင်းလူ့အခွင့်အရေး လှုပ်ရှားမှုများအဖွဲ့ကို ဖွဲ့စည်းပြီးဆောင်ရွက်ခဲ့ပါတယ်။ မြင့်အေးဟာ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်ရာမှာ လူ့အခွင့်အရေး လှုပ်ရှားမှုကို အကာအကွယ် ယူနိုင်ဖို့အတွက် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအဖွဲ့(HRDP)ကို ၂-၂-၀၆ ရက်က ရေဝတီတိုင်း ကျုံပျော်မြို့ ဗိုလ်ချုပ်လမ်း အမှတ်(၁၄၂)နေ ကျုံပျော်မြို့နယ် NLD ဥက္ကဋ္ဌ ဦးတင်ရဲ့ (၉၀)နှစ်ပြည့် မွေးနေ့ပွဲမှာ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အဲဒီအဖွဲ့မှာမြင့်အေး၊ တွံတေး NLD လူငယ်အဖွဲ့ဝင်ဟောင်း ဇော်ဇော်၊ ကမာရွတ် NLD အဖွဲ့ဝင် မျိုးမင်းစိုး၊ ရွှေပြည်သာ NLD အဖွဲ့ဝင်ဟောင်း မြင့်ကျော်ဦး၊ ဟင်္သာတ NLD အဖွဲ့ဝင် မြင့်လှိုင်၊ ဘိုကလေး NLD အဖွဲ့ဝင် အောင်ဇော်ဦး အပါအဝင် ၁၂ဦး ပါဝင်ကြောင်း သိရပါတယ်။

ဒ့ါအပြင် မြင့်အေးဟာ ၂၃-၃-၂၀၀၈ ရက်က မောင်မောင်လေး (HRDP)နှင့် ကြည့်မြင်တိုင် NLD လူငယ်များဖြစ်သော တင်မောင်ဝင်း(ခ)အပါလေး၊ ထွန်းလင်းတို့ကို ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိကျေးရွာများသို့ စေလွှတ်ပြီး ဆန္ဒခံယူပွဲအား ကန့်ကွက်ရန် စဉ်ဆက်မပြတ် စည်းရုံးမှုများ ပြုလုပ်ခဲ့ပါတယ်။ အဲဒီလို နိုင်ငံတော်ဆန့်ကျင်ရေး လုပ်ငန်းတွေကို လုပ်ဆောင်ရုံမျှသာမက ဗုံးဖောက်ခွဲမှုဖြစ်စဉ်မှာ ဗုံးကို ကိုယ်တိုင် လက်လွှဲပေးအပ်ခဲ့တဲ့ ကွင်းဆက်တရားခံ HRDP ခေါင်းဆောင်မြင့်အေးကို ၈-၈-၂၀၀၈ ရက် ညနေ ၆နာရီအချိန်မှာ ဖမ်းဆီးရမိခဲ့ပါတယ်။ ဗုံးတပ်ဆင်ရာမှာ ကိုယ်တိုင်ဆောင်ရွက်ခဲ့တဲ့ ရွှေပြည်သာ NLD ဇော်ဇော်အောင်ကို ၇-၈-၂၀၀၈ ရက် နံနက်၀၀ နာရီ၁၅မိနစ်က ရွှေပြည်သာ မြို့နယ် နေအိမ်မှာ ဖမ်းဆီးရမိခဲ့ပါတယ်။ ကြည့်မြင်တိုင် NLD မျိုးမင်း(ခ) ကရင်လေးကိုလည်း ၇-၈-၂၀၀၈ ရက် နံနက်၀၀နာရီ ၁၅မိနစ်မှာပဲ ကြည့်မြင်တိုင်မြို့နယ် နေအိမ်မှာ ဖမ်းဆီးရမိခဲ့ပါတယ်။ မျိုးမင်းဟာ HRDP မြင့်အေးရဲ့လက်ရင်းတပည့်ဖြစ်ပြီး မြင့်အေးရဲ့ စီစဉ်ညွှန်ကြားမှုအတိုင်း တစ်ဖက်နိုင်ငံကို တရားမဝင်သွားရောက်ပြီးဖောက်ခွဲရေးသင်တန်း၊ လူ့အခွင့်အရေးသင်တန်းများ တက်ရောက်ခြင်း စတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့သူဖြစ်ပါတယ်။

ပြည်တွင်းဖောက်ခွဲရေး ကိစ္စများ၌ အဓိကဇာတ်ဆောင် HRDP မြင့်အေး။ (သတင်းစဉ်)

ကွင်းဆက် တရားခံများဖြစ်တဲ့ သန်းဇော်မြင့်(ခ)စီးဖိန်ကို အမှတ်(၁၉၃/က) အောင်သိဒ္ဓိ (၁၂) ရပ်ကွက် လှိုင်သာယာနေအိမ်မှာ ၇-၈-၂၀၀၈ရက်နံနက်၀၀နာရီ၁၅မိနစ် အချိန်က ဖမ်းဆီးရမိခဲ့ပါတယ်။ သူဟာလည်း တစ်ဖက်နိုင်ငံမှာ ဖောက်ခွဲရေးသင်တန်း၊ တရားမဝင်သင်တန်းများ တက်ရောက်ခဲ့သူဖြစ်ပါတယ်။ ၁၄-၈-၂၀၀၈ရက် နံနက် ၃နာရီမှာ ထွန်းထွန်း(ခ)ထွန်းထွန်းဦးကို လှိုင်သာယာနေအိမ်မှာ ဖမ်းဆီးရမိခဲ့ပါတယ်။ သူဟာ HRDP မြင့်အေးရဲ့ တာဝန်ပေးစေခိုင်းချက်အတိုင်း တစ်ဖက်နိုင်ငံရှိ FDB အဖွဲ့မှ ကျော်ထက်ထံ လိုအပ်တဲ့ဓာတ်ပုံ မှတ်တမ်း အချက်အလက်တွေကို ရှာဖွေစုဆောင်းပေးပို့ခဲ့ပြီး တစ်ဖက်နိုင်ငံမှာ တရားမဝင် ဖောက်ခွဲရေးသင်တန်းတက်ရောက်ခဲ့သူဖြစ်ကြောင်း သိရပါတယ်။ စစ်ကြောချက်တွေအရ ပါဝင်ဆက်နွှယ်မှု ရှိသူတွေကိုလည်း ပြည်သူများရဲ့အကူအညီနဲ့ဆက်လက်ဖော်ထုတ် ဖမ်းဆီးဆဲဖြစ်ပါကြောင်း အသိပေးလိုပါတယ်။

သတင်းစာဆရာကြီးများနှင့် ဧည့်သည်တော်ကြီးများခင်ဗျား-

စစ်ကြောဖော်ထုတ်ချက်တွေအရ နောက်ဆက်တွဲ သိရှိရတဲ့အချက်တွေကို တင်ပြရရင် ရန်ကုန်မြို့မှာ ဖောက်ခွဲဖျက်ဆီးမှု ပြုလုပ်နိုင်ရင် ချီးမြှင့်ငွေကြေးပမာဏကိုအောက်ပါအတိုင်း သတ်မှတ်ထားတယ်လို့ လူ့အခွင့်အရေး ခေါင်းဆောင်လို့ အရေခြုံထားတဲ့ အကြမ်းဖက်သမား HRDP မြင့်အေးက ပြောခဲ့ပါတယ်-

- **မြို့တော်ခန်းမကို ဖောက်ခွဲနိုင်ရင် ငွေကျပ် သိန်း ၁၀၀**
- **စင်တာများကို ဖောက်ခွဲနိုင်ရင် ငွေကျပ်သိန်း ၇၀**
- **အစိုးရရုံးတွေကို ဖောက်ခွဲနိုင်ရင် ငွေကျပ်သိန်း ၅၀**
- **မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများကို ဖောက်ခွဲနိုင်ရင် ငွေကျပ်သိန်း၂၀**
- **မြို့နယ် ပြည်ခိုင်ဖြိုးရုံးများနဲ့ ရန်ကုန်ဘူတာကြီးကို ဖောက်ခွဲနိုင်ရင် ငွေကျပ် ၁၅ သိန်း**
- **အထင်ကရရှိတဲ့ မီးပွိုင့်တွေကို ဖောက်ခွဲနိုင်ရင် ငွေကျပ် ၁၀ သိန်း**
- **ရပ်ကွက် လမ်းဆုံလမ်းခွတွေကို ဖောက်ခွဲနိုင်ရင် ငွေကျပ် ၅ သိန်း**
- **မထင်မရှား နေရာတွေကို ဖောက်ခွဲနိုင်ရင်ငွေကျပ်၂ သိန်း ဖြစ်ပါတယ်။**

HRDP အဖွဲ့ဟာ အခမဲ့ လုပ်အားပေး ခိုင်းစေမှု၊ ကလေးစစ်သားကိစ္စ၊ လယ်ယာမြေ ဆုံးရှုံးနစ်နာမှု စတာတွေကို စုံစမ်းပြီး ပုံကြီးချဲ့ လုပ်ဇာတ်ဆင်ကာ ILO သို့ တိုင်ကြားခြင်း၊ ပြည်ပမီဒီယာများသို့ ဆက်သွယ်သတင်းပေးပို့ခြင်း၊ ၂၀၀၈ ခုနှစ် မေလ ပြည်သူ့ဆန္ဒခံယူပွဲကို ဆန့်ကျင်မဲပေးဖို့ စည်းရုံးလှုပ်ရှားခြင်း စတဲ့လုပ်ငန်းတွေကိုအားတက်သရောလုပ်ဆောင်ခဲ့တဲ့ အဖွဲ့ဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းဟာ လူ့အခွင့်အရေး လှုပ်ရှားမှုများကိုဗန်းပြထားပေမယ့် နောက်ဆက်တွဲစစ်ကြောဖော်ထုတ်ချက်များအရဖောက်ခွဲရေးသင်တန်း တက်ရောက်ပြီးသူများကို စုစည်းပြီး ရန်ကုန်မြို့ကို နယ်မြေအလိုက် အောက်ပါအတိုင်း ဇုန် ၃ ခုခွဲပြီး ဖောက်ခွဲရေးလုပ်ငန်းတွေအကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံထားရှိခဲ့ကြောင်း သိရှိရပါတယ်-

- **နယ်မြေ(၁)မှာ ကြည့်မြင်တိုင်၊ အလုံ၊ ဆိပ်ကမ်း၊ ဗိုလ်တထောင်၊ လသာ၊ ပန်းဘဲတန်း၊ကျောက်တံတားမြို့နယ်များ ပါဝင်ပါတယ်။**
- **နယ်မြေ(၂)မှာ ကမာရွတ်၊ လှိုင်၊ မရမ်းကုန်းမြို့နယ်တို့ ပါဝင်ပါတယ်။**
- **နယ်မြေ(၃)မှာတော့ ထန်းတပင်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ မင်္ဂလာဒုံနဲ့ ဒဂုံမြို့သစ်မြို့နယ်များ ပါဝင်ပါတယ်။**

ဒ့ါအပြင် HRDP မြင့်အေးဟာ တစ်ဖက်နိုင်ငံ မဲဆောက်မှာဆန့်ကျင်ဘက်အဖွဲ့အစည်းများက ဖွင့်လှစ်တဲ့ မီဒီယာသင်တန်း၊ လူထုစည်းရုံးဆက်သွယ်ရေးသင်တန်း၊ နိုင်ငံရေးအန်တုမှုသင်တန်း၊ ဖောက်ခွဲရေးသင်တန်း စတာတွေကို NLD ပါတီဝင်အများအပြားကို စုစည်းစေလွှတ်ခဲ့သူဖြစ်ကြောင်းလည်း စစ်ကြောချက်များအရ သိရှိရပါတယ်။

မြင့်အေးအနေနဲ့ ဒီလိုပြည်တွင်းအမာခံအဖြစ်လှုပ်ရှားဆောင်ရွက်ခွင့်ရတဲ့အကြောင်းက FDB ကျော်ထက်ဟာ ပြည်တွင်းအမာခံများ မွေးမြူခြင်း၊ NLD နဲ့ NLD လိုလားသူများအတွင်း ထိုးဖောက်စည်းရုံးခြင်း၊

စာမျက်နှာ ၁၁ ကော်လံ၁သို့ ❖

ရွှေပြည်သာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဗုံးဖောက်ခွဲမှုဖြစ်စဉ်များကို ပြသထားစဉ်။ (သတင်းစဉ်)



ပြည်ပရှိ အဖွဲ့အစည်းအသီးသီးက ပြည်တွင်းရှိ တစ်ဦးဦးကို ကြားခံထားကာ ငွေပေးပို့နေကြပြီး အဲဒီကတစ်ဆင့် ပြည်တွင်းမှာရှိတဲ့ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းအတွက် အသုံးပြုနေမှုများဟာ ငွေကြေးအကြမ်းဖက်မှုဆိုတဲ့ Financing Terrorism ကို ကျူးလွန်ခြင်းပဲဖြစ်

❖ စာမျက်နှာ ၁၀ မှ

စည်းရုံးရရှိတဲ့ အမာခံများကို တစ်ဖက်နိုင်ငံ မဲဆောက်သို့ ခေါ်ယူသင်တန်းပို့ချခြင်း၊ ငွေကြေးထောက်ပံ့ခြင်းတို့ကို အစပိုင်းမှာ ပြည်တွင်းရှိ ထွန်းလင်း (ယခုပြည်ပ)နဲ့ အဓိကချိတ်ဆက်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၂၀၀၄ ခုနှစ်အတွင်းက ထွန်းလင်း၊ စန်းစန်းမော် (ယခုမဲဆောက်)နဲ့ ရန်ရွှေတို့ဟာ လှိုင်သာယာမြို့နေ အောင်မျိုးဆန်းဆိုတဲ့ လူငယ်တစ်ဦးကို ကလေးစစ်သားလို့ပြောဆိုနိုင်ဖို့ FDB ကျော်ထက်ထံ သက်နှိုးစည်းပြီး ပို့ပေးခဲ့ပါတယ်။ ကျော်ထက်ဟာ အောင်မျိုးဆန်းကို မဲဆောက်မှာ ဝါဒဖြန့်လုပ်ရပ်ဆောင်ရွက်ရုံနဲ့ အားမရဘဲ ဂျီနီဗာအထိ ဆက်လက်ပို့ဆောင် ဝါဒဖြန့်လုပ်ငန်းတွေ လုပ်ဆောင်စေခဲ့ပါတယ်။ အဲဒီကလေးနဲ့ပတ်သက်ပြီး မိဘများက ကလေးကိုပြန်တောင်းပေမယ့် ကလေးပြန်မလာနိုင်တော့ကြောင်း သိရလို့ ဥပဒေကြောင်းအရ ဆောင်ရွက်မယ်လို့ စီမံခဲ့တာကြောင့် ထွန်းလင်းနဲ့ စန်းစန်းမော်တို့ဟာ ၂၀၀၅ ခုနှစ်မှာ ပြည်ပကို တိမ်းရှောင်သွားခဲ့ကြပါတယ်။ ဒါကြောင့် ထွန်းလင်းမရှိတဲ့နောက်ပိုင်းမှာ FDB ကျော်ထက်က ထွန်းလင်းအစား ဘိုကလေး NLD အောင်ဇော်ဦးနဲ့ချိတ်ဆက်ပြီး ပြည်တွင်း ကိစ္စတွေ တာဝန်ခံဆောင်ရွက်ဖို့ ဆက်လက် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ဆူပူမှုဖြစ်စဉ်တွေအပြီးမှာ HRDP အဖွဲ့ဝင်လည်းဖြစ်၊ ဘိုကလေး NLD အဖွဲ့ဝင်တစ်ဦးလည်းဖြစ်တဲ့ အောင်ဇော်ဦးကို ပြစ်မှုတွေများစွာနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဖမ်းဆီးထိန်းသိမ်းခဲ့ပါတယ်။ အောင်ဇော်ဦးမရှိတဲ့နောက်မှာ FDB ကျော်ထက်ဟာ HRDP အဖွဲ့ခေါင်းဆောင် မြင့်အေးကို အဓိကပြည်တွင်းမှာ ဆက်သွယ်ရမည့် အမာခံအဖြစ် ဆက်လက်ထားရှိ ချိတ်ဆက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းကိုပါ ဖော်ထုတ် သိရှိရပါတယ်။

ပြည်တွင်းမှာ ကိုယ်စားလှယ်အဖြစ် ထားရှိခံခဲ့ရတဲ့ မြင့်အေးဟာသူရဲ့ ကိုယ်တိုင်ဝန်ခံ ထွက်ဆိုချက်အရ FDB ကျော်ထက်ထံမှ ၂၀၀၇ နိုဝင်ဘာလမှ ယခုဖမ်းဆီးခံရသည့်အချိန်အထိ ငွေကျပ်သိန်း ၆၃၀ ကို သိန်း ၃၀ တစ်ကြိမ်၊ သိန်း ၃၀၀ နှစ်ကြိမ်၊ သုံးကြိမ်ခွဲပြီး လက်ခံရယူခဲ့ကြောင်း သိရပါတယ်။ ဒါ့အပြင် အမေရိကန်စင်တာက Mrs. Kim ဆိုသူ အမျိုးသမီးထံက ငွေကျပ်သိန်း ၅၀ နဲ့ အမည်မသိ ဒတ်ချ်နိုင်ငံသားတစ်ဦးထံမှ ငွေကျပ်သိန်း ၁၀၀ တို့ကို ထောက်ပံ့ငွေအဖြစ် လက်ခံရရှိခဲ့ကြောင်း သိရပါတယ်။ မြင့်အေးဟာ အဲဒီလက်ခံရရှိတဲ့ ငွေကျပ်သိန်း ၇၀၀ ကျော်ကို ၄င်းရဲ့ HRDP လုပ်ငန်းများ၊ နာဂစ်မုန်တိုင်းဒဏ်ခံရသူများကို လှူဒါန်းရန်၊ အစိုးရဌာနရုံးများကို ဗုံးဖောက်ခွဲရန်နဲ့ ပြည်တွင်းဖောက်ခွဲရေးလုပ်ငန်းများအတွက် သုံးစွဲခဲ့ကြောင်း ထွက်ဆိုခဲ့ပါတယ်။ အဲဒီလို ပြည်ပမှာရှိတဲ့ အဖွဲ့အစည်းအသီးသီးက ပြည်တွင်းမှာရှိတဲ့ တစ်ဦးဦးထံကို ကြားခံထားကာ ငွေပေးပို့နေကြပြီး အဲဒီကတစ်ဆင့် ပြည်တွင်းမှာရှိတဲ့ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းအတွက် အသုံးပြုနေမှုများဟာ ငွေကြေး အကြမ်းဖက်မှုဆိုတဲ့ Financing Terrorism ကို ကျူးလွန်ခြင်းပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အကြမ်းဖက်မှုအတွက် ငွေပေးပို့ရာမှာ တစ်နည်းနည်းနဲ့ ပါဝင်ပတ်သက်နေကြသူများဟာ ဥပဒေအရ အကြမ်းဖက်မှု ကျူးလွန်သကဲ့သို့ဖြစ်ပြီး တည်ဆဲဥပဒေတွေအရ ထောင်ဒဏ် ပြစ်ဒဏ် ကျခံရနိုင်ပါတယ်။ ဒါကြောင့် ဒီလိုအခွင့်မရှိဘဲ လုပ်ကိုင်ခြင်းနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုများမှာ ပါဝင်ပတ်သက်ခြင်းများ မပြုကြဖို့နဲ့ ရပ်တန့်ကရပ်ကြဖို့ လိုအပ်ပါကြောင်း အသိပေး ပြောကြားလိုပါတယ်။

သတင်းစာဆရာကြီးများနှင့် ဧည့်သည်တော်ကြီးများခင်ဗျား-

နိုင်ငံရေးအရေခြုံ ပြည်တွင်းပြည်ပ အကြမ်းဖက်သမားတို့ရဲ့ လက်ချက်ကြောင့် ၂၀၀၈ ခုနှစ်အတွင်း ရန်ကုန်မြို့ပေါ်မှာ ဗုံးဖောက်ခွဲမှုဖြစ်စဉ်ငါးမှု ဖြစ်ပွားခဲ့ပါတယ်။ ဗုံးဖောက်ခွဲခြင်း မပြုမီမှာ သတင်းလက်ဦးမှုနဲ့ ကြိုတင်ဖမ်းဆီးနိုင်ခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ ဥပမာတင်ပြရရင်-

၃၀-၃-၂၀၀၈ ရက် နံနက် ၉ နာရီက သတင်းအရ ရန်ကုန်မြို့ ၃၈ လိုင်းကားနဲ့ လိုက်ပါလာတဲ့ သဃ်န်းကျွန်းမြို့နယ် NLD လူငယ်အဖွဲ့ဝင် ရဲဇော်ထိုက်ကို တာမွေမြို့နယ် ကြက်ဘဲဈေးအနီး အရောက်မှာ သူဝတ်ထားတဲ့ ဘောင်းဘီဘေးအိတ်အတွင်း ကြွပ်ကြွပ်အိတ်နဲ့ ထည့်ထားတဲ့ ဒီတိုနေတာ နှစ်ခုနဲ့အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ စစ်ဆေးပေါ်ပေါက်ချက်များအရ အမှတ် ၆၀၀၊ ရိပ်သာလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ရဲဇော်ထိုက်ရဲ့နေအိမ်မှာ ဒီတိုနေတာ ငါးခုနဲ့ ဆန့်ကျင်ဘက် စာရွက်စာတမ်းများ၊ No တံဆိပ်ပါ တီရှပ်အကျႌ၊ NLD ရင်ထိုးနဲ့ ခေါင်းစည်းများကို သိမ်းဆည်းရရှိခဲ့ပါတယ်။ ရဲဇော်ထိုက်ဟာ သဃ်န်းကျွန်း NLD လူမှုအထောက်အကူပြု

NGD အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသက်လွင်။ (သတင်းစဉ်)

အဖွဲ့ဝင် ခင်စိုးရဲ့ဦးဆောင်မှုနဲ့ တစ်ဖက်နိုင်ငံ NLD(LA) မဲဆောက်ရုံးသို့ ချိတ်ဆက်သွားရောက်ပြီး ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်ခဲ့ပြီးအပြန်မှာ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပါတယ်။ ဒီလိုဖြစ်စဉ်မျိုး ကြိုတင်ကာကွယ်တားဆီးမှု မပြုနိုင်ဘူးဆိုရင် ဆုံးရှုံးမှုတွေနဲ့ မလွဲမသွေ ဆုံရမှာ ဖြစ်ပါတယ်။

တစ်ဖက်ကကြည့်ရင်လည်း ဗုံးပေါက်ကွဲမှု ဖြစ်စဉ်တွေကြောင့် ရိုးသားစွာ လုပ်ကိုင်စားသောက်နေတဲ့ အပြစ်မဲ့ပြည်သူများ သေကျေမှုတွေ၊ ထိခိုက်ဒဏ်ရာရမှုတွေကို ရတက်မအေးဖွယ် ခံစားနေကြရတဲ့ အဖြစ်များဟာ ပြည်တွင်း ပြည်ပက နိုင်ငံတော်ကို ဆန့်ကျင်နေတဲ့ အကြမ်းဖက်သမား အဖွဲ့အစည်းများရဲ့ ဘယ်သူသေသေ ငတေမာရင်ပြီးရော စိတ်ဓာတ်နဲ့ နိုင်ငံတော် မတည်မငြိမ်ဖြစ်အောင်ဆိုတဲ့ လုပ်ရပ်များက ထွက်ပေါ်လာတဲ့ အကျိုးဆက်များပဲ ဖြစ်ပါတယ်။

နိုင်ငံတော်အတွင်း ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေး ပျက်ပြားပြီး အဲဒီလို ပြည်သူတစ်ရပ်လုံး ထိတ်လန့်နေစေဖို့ ရည်ရွယ်ဆောင်ရွက်နေတဲ့ ဗုံးဖောက်ခွဲမှုများဟာ စနစ်တကျ စီမံကိန်းချမှတ်ဆောင်ရွက်နေခြင်းသာဖြစ်ပါတယ်။ အထူးသဖြင့် ဒီလုပ်ငန်းမှာ လက်စောင်း ထက်လှတဲ့ **ပြည်ပအခြေစိုက် FDB အဖွဲ့အနေနဲ့ ပြည်တွင်းရှိ ရဟန်းသံဃာ၊ ကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ NLD ပါတီဝင်များ၊ လူတန်းစား အလွှာအသီးသီးထဲကို ထိုးဖောက်စည်းရုံးပြီး တစ်ဖက်နိုင်ငံ မဲဆောက်သို့ ခေါ်ယူကာ နိုင်ငံရေးနှင့် ဖောက်ခွဲရေး သင်တန်းများ သင်ကြားလေ့ကျင့်ပေးခဲ့သူ စုစုပေါင်း ၁၇၀ ကျော်ရှိကြောင်း ဖော်ထုတ်သိရှိရပါတယ်။ အဲဒီအနက် ၇၀ ကျော်ကို မိမိလုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးစစ်ဆေး အရေးယူနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့သူတွေကိုလည်း ပြည်သူတစ်ရပ်လုံး အကူအညီနဲ့ ဆက်လက်စုံစမ်း ဖော်ထုတ်နေဆဲ ဖြစ်ပါကြောင်းလည်း တင်ပြအသိပေးလိုပါတယ်။**

NGD အဖွဲ့ ဒုဥက္ကဋ္ဌ မောင်မောင်ကြီး(ခ)ဒယ်ဒီကြီး။ (သတင်းစဉ်)

သတင်းစာဆရာကြီးများနှင့် ဧည့်သည်တော်ကြီးများခင်ဗျား-

အဲဒီလို FDB က ဖွင့်လှစ်တဲ့ ဖောက်ခွဲဖျက်ဆီးရေး သင်တန်း အပါအဝင် တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးလိုတဲ့ သင်တန်းများကို တက်ခဲ့ကြသူများအနက် အကြောင်းချင်းရာနဲ့ ရည်ရွယ်ချက်ကို သေချာစွာ သိရှိနားလည်မှုမရှိကြတဲ့သူတွေလည်း အများအပြား ပါရှိနေကြောင်း ဖော်ထုတ်သိရှိရပါတယ်။ သူတို့အနေနဲ့ ပတ်ဝန်းကျင်က အဆွယ်ကောင်းလို့ ဦးတည်ရာမဲ့သင်တန်း တက်ဖြစ်သွားတာမျိုးရှိသလို တချို့ဆို ဘုမသိ ဘမသိ လိုက်သွားရာကနေ မဲဆောက်ရောက်မှ ပိုက်ဆံပေးကျွေးမွေးပြီး သင်တန်းအပေးခံရတာတွေတောင် ရှိတယ်လို့ သိရပါတယ်။ တချို့ကတော့ အဲဒီလို ပေးကမ်းပြီး သင်တန်းတက်ခိုင်းရာက ဆင်ခြင်တုံတရား နည်းပါးစွာနဲ့ ငွေအရ ချောင်တယ်ရယ်လို့ သာယာသွားမိပြီး လုပ်စားနေကြတဲ့ စားဖားကြီးတွေရဲ့ အခိုင်းခံ၊ အကျွေးခံ နယ်ရုပ်တွေဖြစ်သွားရတာလည်း အမှန်ရှိနေခဲ့ပါတယ်။ ဒီလိုအပြစ်မဲ့၊ အသိမဲ့လူငယ်တွေအတွက် ဒီလုပ်ငန်းတွေဟာ နိုင်ငံတော်အတွက်လည်း ဆုံးရှုံး၊ ကိုယ့်အတွက်လည်း ဘဝတုံး၊ ပတ်ဝန်းကျင် တစ်ခုလုံးလည်း အကျိုးမရှိတဲ့ဖြစ်ရပ်ပဲလို့ နားလည်သဘောပေါက်ကြပြီး ကိုယ်တိုင်ကပဲဖြစ်ဖြစ် သက်ဆိုင်ရာ မိဘဆွေမျိုးအသိုက်အဝန်းကပဲ ဖြစ်ဖြစ် တာဝန်ရှိသူများထံ သတင်းပို့ ဆက်သွယ် အသိပေး အပ်နှံသွားကြမယ်ဆိုရင် ကျွန်တော်တို့ လုံခြုံရေးဝန်ထမ်းတွေအနေနဲ့ကလည်း နားလည်သက်ညှာစွာ စဉ်းစားပေးမှာ ဖြစ်ကြောင်း ဒီနေရာကနေ စာနာစိတ်နဲ့ အသိပေး ပြောကြားလိုပါတယ်။

NGD အဖွဲ့ဝင် ကျော်ဇင်မင်း (ခ)ဇော်မိုး။ (သတင်းစဉ်)

သတင်းစာဆရာကြီးများနှင့် ဧည့်သည်တော်ကြီးများခင်ဗျား-

ရွှေပြည်သာ ပြည်ခိုင်ဖြိုးရုံး ဗုံးဖောက်ခွဲမှု ဖြစ်စဉ်များမှာ **ဖမ်းဆီးထိန်းသိမ်းခဲ့သူများကို စစ်ကြော ဖော်ထုတ်ခဲ့ရာမှာ ပြည်တွင်း/ ပြည်ပ ချိတ်ဆက်ပြီး ပြည်ဖျက်စီမံကိန်း ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းဝင်အချို့ကို ထပ်မံ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။ အဲဒီအဖွဲ့ကတော့ NGD (New Generation For Democracy) ခေါ် မျိုးဆက်သစ် မဟာမိတ်များ အဖွဲ့ပဲ ဖြစ်ပါတယ်။** ဒီအဖွဲ့ကို သန္ဓေတည်ခဲ့တဲ့ အဖွဲ့ကတော့ ၁၉၈၈ ခုနှစ် အရေးအခင်းပြီးတဲ့နောက် ဖွဲ့စည်းခဲ့တဲ့ သွေးသစ်လူငယ်များအဖွဲ့ချုပ် (**League Of New Generation-LNG**) ပဲ ဖြစ်ပါတယ်။ သွေးသစ်လူငယ်များအဖွဲ့ချုပ်ကို တည်ထောင်ခဲ့ပေမယ့် ရွေးကောက်ပွဲဝင်ရန် အင်အားမပြည့်မီတဲ့အတွက် ပါတီစာရင်းမှ ပယ်ဖျက်ခံရပြီးနောက် ပါတီဥက္ကဋ္ဌဖြစ်သူ ဒေါက်တာသက်လွင်ဟာ ၂၀၀၇ ခုနှစ်မှစတင်ကာ မျိုးဆက်သစ်မဟာမိတ်များအဖွဲ့ (**New Generation For Democracy-NGD**) ကို ဝါသနာတူမိတ်ဆွေများနဲ့ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အဲဒီအဖွဲ့အနေနဲ့ ဘာသာရေးလမ်းကြောင်းကို အကြောင်းပြအခြေခံပြီး လူငယ်တွေကို စည်းရုံးသိမ်းသွင်းကာ ပြည်ပရောက် "၈၈"မျိုးဆက်ကျောင်းသား ဒေါက်တာအေးမင်း(အမေရိကန်)နဲ့ မြင့်ဦး(ဂျပန်)

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❍

ဖောက်ခွဲရေးပစ္စည်းများ သိမ်းဆည်းထားသော ရန်ကင်းမြို့နယ် အမှတ် (၁၃)ရပ်ကွက် မြနန္ဒာလမ်းသွယ် အမှတ် (၃၁၅/က)ရှိ ကျော်ဇင်မင်း (ခ)ဇော်မိုး ၏နေအိမ်

ကျော်ဇင်မင်း (ခ)ဇော်မိုး (ABSDF) (၃၀)နှစ် (ဘကြီးနေအောင်ဝင်း၊ အမှတ်(၅၈/က) လင်းလွန်းလမ်း၊ လင်းလွန်းမြေကွက်ရပ်ကွက် စမ်းချောင်းမြို့နယ်)နှင့် သိမ်းဆည်းရမိသော ဖောက်ခွဲရေးသုံး ဘက်စုံပစ္စည်းများ၊ ပြက္ခဒိန်များ၊ ဆက်သွယ်ရေးစက်၊ စာရွက်စာတမ်းများ၊ စာအုပ်များနှင့် VCD ခွေများ

❍ စာမျက်နှာ ၁၁ မှ

တို့ရဲ့ ငွေအား၊ ပစ္စည်းအားပံ့ပိုးမှု၊ FTUB ပြည်သစ်ညွန့်ဝေနဲ့ အကြမ်းဖက်သမား မိုးသီးဇွန်တို့ရဲ့ ကူညီပံ့ပိုးမှုတို့ဖြင့် ဒီအဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ အဖွဲ့ရဲ့ ရည်ရွယ်ချက်များကတော့-

- ပြည်တွင်းနိုင်ငံရေး အင်အားစုများရဲ့ လှုပ်ရှားမှုများကို ပံ့ပိုးပေးရန်။
- အစိုးရကို တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနေတဲ့ နိုင်ငံရေးအင်အားစုအချို့ကို ရှာဖွေဖော်ထုတ်ပြီး ဖောက်ခွဲဖျက်ဆီးရန်။
- အစိုးရရဲ့ ဒေါက်တိုင်လို့ သတ်မှတ်ထားတဲ့ NGO အဖွဲ့အစည်းများ၊ စီးပွားရေးယန္တရားများကို ဖောက်ခွဲဖျက်ဆီးရန်။
- နေပြည်တော်ရှိ အစိုးရအဆောက်အအုံများကို ရေလွှမ်းမိုးပျက်စီးစေရေးအတွက် ရေဆင်းဆည်၊ ပေါင်းလောင်းဆည်နဲ့ ချောင်းမကြီးဆည်တို့ကို ဖောက်ခွဲဖျက်ဆီးရန်။
- အစိုးရရဲ့ ထိပ်တန်းလျှို့ဝှက်ချက်များကို ဖော်ထုတ်ပြီး အချက်အလက်များ ရယူရန်

ဆိုတဲ့ အချက်များဖြစ်ပါတယ်။

NGD အဖွဲ့ဟာ ပြည်ပရောက်အဖွဲ့အစည်းများရဲ့ ထောက်ပံ့ပေးမှုနဲ့ ပြည်တွင်း/ပြည်ပမှ အဖွဲ့ဝင်များ ချိတ်ဆက်ဆောင်ရွက်လှုပ်ရှားခဲ့တာဖြစ်ပါတယ်။ သူတို့ရဲ့ ပြည်တွင်း/ပြည်ပအဖွဲ့ဝင်များကို လေ့လာကြည့်ရင် ပထမဦးဆုံး ပြည်ပအဖွဲ့ဝင်တွေအနေနဲ့ မိုးသီးဇွန်၊ KNU ဖဒိုငြိမ်းမောင်၊ KNU စောကပေ့၊ KNU တူးတူးလေး၊ ABSDF မင်းဇော်၊ NLD-LA တိုးလွင်၊ NLD-LA ခွန်မြင့်ထွန်း၊ FDB ဒေါက်တာနိုင်အောင်၊ FTUB ပြည်သစ်ညွန့်ဝေ (ခ) မောင်မောင်၊ ဒေါက်တာအေးမင်း (အမေရိကန်-ထောက်ပံ့သူ)၊ မြင့်ဦး (ဂျပန်-ထောက်ပံ့သူ)၊ NCGUB ဒေါက်တာစိန်ဝင်း၊ မျိုးထွန်း (အင်္ဂလန်)၊ ဒေါက်တာစန်းအောင်(ဩစတြေးလျ)၊ ဒေါက်တာကျော်ညွန့်(DAB၊အတွင်းရေးမှူး)၊ ဇော်မင်း(ထိုင်း)၊ အောင်ဒင်(အမေရိကန်)၊ NLD-LA သန့်ဇင်၊ ကျော်ကျော် (နိုင်ငံရေးအန်တုမှ ကော်မတီ-ထိုင်း)တို့ ပါဝင်ပါတယ်။

ပြည်တွင်းအဖွဲ့ဝင် လှုပ်ရှားသူများကတော့ ဒေါက်တာသက်လွင်(ဥက္ကဋ္ဌ၊ NGD၊ ပြည်တွင်းရေးရာတာဝန်ခံ)၊ ဦးမောင်မောင်ကြီး (ဒုဥက္ကဋ္ဌ၊ NGD၊ ပြည်ပရေးရာ)နဲ့ NLD အဖွဲ့ဝင်တွေ၊ ထုတ်ပယ်ခံ NLD တွေ ၁၃ ယောက် ပါဝင်ကြောင်း ဖော်ထုတ်ရရှိပါတယ်။

သတင်းစာဆရာကြီးများနှင့် ဧည့်သည်တော်ကြီးများခင်ဗျား-

NGD အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသက်လွင်ဟာ မွန်ပြည်နယ် မုဒုံမြို့ဇာတိဖြစ်ပြီး ၁၉၇၆ ခုနှစ်မှာ ဆေးတက္ကသိုလ်(၂)က **MBBS** ဘွဲ့ ရရှိခဲ့သူဖြစ်ပါတယ်။ ၁၉၈၈ခုနှစ် အရေးအခင်းအပြီး သွေးသစ်လူငယ်များအဖွဲ့ချုပ် **League of New Generation** အဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ပြည်ပရှိ **DAB** အဖွဲ့ အတွင်းရေးမှူး ဒေါက်တာကျော်ညွန့်ဟာ ၎င်းရဲ့တာဝန်ပေးချက်အရ တစ်ဖက်နိုင်ငံသို့ သွားရောက်ခြင်းဖြစ်ကြောင်း၊ ဒေါက်တာ သက်လွင်ဟာ ယခင်က ဒေါ်စုကြည်နဲ့ ရင်းနှီးခဲ့သူဖြစ်ပြီး နိုင်ငံရေးအခြေအနေတွေကို အကြံပေးတိုင်ပင်မှုတွေ ပြုလုပ်ခဲ့ကြောင်း ကိုယ်တိုင်ထွက်ဆိုချက်အရ သိရှိရပါတယ်။ ၂၀၀၇ ခုနှစ်မှာ မျိုးဆက်သစ် မဟာမိတ်များအဖွဲ့ **New Generation for Democracy** အဖွဲ့ကို ဖွဲ့စည်းပြီး ဥက္ကဋ္ဌတာဝန် ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာ့နိုင်ငံရေးစာတမ်း၊ နိုင်ငံတော်အစိုးရ၏ ထိပ်တန်းလျှို့ဝှက်လုပ်ငန်းများဆိုင်ရာစာတမ်း၊ နာဂစ်မုန်တိုင်းစာတမ်းတို့ကို ရေးသားပြီး ပြည်ပရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်းများသို့ ချိတ်ဆက်ပေးပို့ကာ နိုင်ငံတော်တည်ငြိမ်မှုပျက်ပြားစေအောင် ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်းရှိ **NLD** ထုတ်ပယ်ခံများ၊ အင်္ဂါဝတ်ပြုဆုတောင်းအဖွဲ့ဝင်များကို စည်းရုံးကာ "၈၈"မျိုးဆက် ကျောင်းသားအဖွဲ့ဝင်များနဲ့အတူ လောင်စာဆီဈေးနှုန်း မြင့်တက်မှုနဲ့ပတ်သက်ပြီး ဆန္ဒပြလှုပ်ရှားမှုများ ဖြစ်ပေါ်လာစေရန် ညွှန်ကြားဆောင်ရွက်ခြင်း၊ ၂၀၀၇ စက်တင်ဘာလှုပ်ရှားမှု ဖြစ်ပေါ်လာစေရန် စည်းရုံးဆောင်ရွက်စေခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း စစ်ဆေးချက်များအရ ဖော်ထုတ်ရရှိပါတယ်။

NGDအဖွဲ့ ဒုဥက္ကဋ္ဌ မောင်မောင်ကြီး (ခ) ဒယ်ဒီကြီးဟာ ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာမှာ နေထိုင်ပြီး ရန်ကုန်မြို့ဇာတိဖြစ်ကြောင်း၊ ၁၉၈၉ ခုနှစ်က ပုဇွန်တောင်မြို့နယ် **NLD** ပါတီသို့ ဝင်ရောက်ခဲ့ပြီး တစ်ဖက်နိုင်ငံရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနဲ့ ဆက်သွယ်ကာ **NGD** အဖွဲ့လုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်-

(က) မောင်မောင်ကြီးဟာ ၁၉၉၉ ခုနှစ်မှာ မဲဆောက်မြို့ရှိ **KNU** စောကပေ့မှတစ်ဆင့် **ABSDF** အဖွဲ့မှ မိုးသီးဇွန်နဲ့ တွေ့ဆုံခဲ့ပြီး ကိုလေးလုံး ပြည်တွင်းလှုပ်ရှားမှု သတင်းတွေ ပေးပို့ခဲ့ကြောင်း၊ ယင်းအချိန်ကစလို့ မဲဆောက်ကို တစ်လ (၁)ကြိမ် (၂)ကြိမ်ခန့် သွားရောက်ရာ ယခုနှစ်အထိဖြစ်ကြောင်း၊ မဲဆောက်သို့ သွားရောက်တိုင်း စောကပေ့ရဲ့ နေအိမ်မှာ တည်းခိုလေ့ရှိကြောင်း သိရှိရပါတယ်။

(ခ) မောင်မောင်ကြီး မဲဆောက်ကို သွားနေရခြင်းဟာ နယ်စပ်ရှိ အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များနဲ့ ပြည်တွင်းရှိ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ ချိတ်ဆက်ပေးရန်နှင့် **KNU** ဖဒိုငြိမ်းမောင်ရဲ့ ညွှန်ကြားချက်များကို ရန်ကုန်ရှိ ဒေါက်တာသက်လွင်ထံ ပြန်လည်တင်ပြရန် ဖြစ်ကြောင်းလည်း သိရှိရပါတယ်။

(ဂ) မောင်မောင်ကြီးဟာ နိုင်ငံတော်ရဲ့ လျှို့ဝှက်သတင်းတွေ၊ လုံခြုံရေးအခြေအနေတွေကို KNU ဖဒိုငြိမ်းမောင်ထံ ပေးပို့ခဲ့တဲ့အပြင် ဖောက်ခွဲရေး သင်တန်းတက်မည့် သူတွေကိုလည်း မဲဆောက်သို့လိုက်ပါပို့ဆောင်ခဲ့ကြောင်း ဖော်ထုတ်ရရှိပါတယ်။

ကိုငယ် (ခ) ထွန်းနောင် (ခ) ဦးစန္ဒိမာ (ခ) အပုလေး၊ ပုဇွန်တောင်မြို့နယ် ကျားသက်နှင်းတိုက်။

NGD အဖွဲ့ရဲ့ အဓိကဇာတ်ကောင်ဖြစ်တဲ့ အတွင်းရေးမှူး ဆိုသူဟာ ယခင်က ဦးသုဝေရဲ့ ဒီမိုကရေစီပါတီမှာ လူငယ်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ဂျပန်နိုင်ငံနေ **ABSDF** အဖွဲ့ဝင် မြင့်ဦး(ခ)မောင်ဦးနဲ့ သိကျွမ်းခဲ့ကြောင်း၊ မြင့်ဦးက မိုးသီးဇွန် (**ABSDF**)၊ အောင်သူငြိမ်း (လူ့ဘောင်သစ် ဒု-ဥက္ကဋ္ဌ)၊ ကျော်ကျော် (**NCUB**)၊ သံခဲ (**ABSDF**)၊ ဒေါက်တာ အေးမင်း၊ ထွန်းအောင်ကျော်(**ABSDF**ဟောင်း) တို့နဲ့ အဆက်အသွယ်ရှိကြောင်း ပြောကြားတဲ့အတွက် သူ့ဆီမှာ နိုင်ငံတော်ထိပ်တန်းလျှို့ဝှက်ချက်များရှိကြောင်း ပြောကြားပြီး တိုကျိုမှာ တွေ့ဆုံကြဖို့ ချိန်းဆိုခဲ့ကြောင်း၊ တိုကျိုမှာ မြင့်ဦးနဲ့တွေ့ဆုံစဉ် မြင့်ဦးမှတစ်ဆင့် ထိပ်တန်းလျှို့ဝှက်သတင်းများကို အမေရိကန်နိုင်ငံရှိ မိုးသီးဇွန်ထံ အင်တာနက်နဲ့ g-talk မှ တိုက်ရိုက်ဆက်သွယ်ပြောကြားခဲ့ကြောင်း၊ အဲဒီနောက် မိုးသီးဇွန်က ထပ်မံဆက်သွယ်ပြီး ထိပ်တန်းလျှို့ဝှက်ကိစ္စများအား တိတိကျကျ သိလိုကြောင်းနဲ့ အဆင်သင့်ဖြစ်လျှင် အကြောင်းကြားဖို့ပြောကြားခဲ့ကြောင်း သိရှိရပါတယ်။

သတင်းစာ ဆရာကြီးများနှင့် ဧည့်သည်တော်များခင်ဗျား-

NGD အဖွဲ့ရဲ့ လက်တလော ဆောင်ရွက်နေတဲ့ ပြည်ဖျက်လုပ်ငန်းများအကြောင်း ဦးစွာ ရှင်းပြလိုပါတယ်။ **ပထမဆုံးဆောင်ရွက်ချက်အနေနဲ့ NGD** အဖွဲ့ဟာ တစ်ဖက်နိုင်ငံရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်းများက ဖွင့်လှစ်တဲ့ ဖောက်ခွဲရေးသင်တန်းအပါအဝင် အခြားသင်တန်းများ တက်ရောက်ဖို့အတွက် **NGD** ဒုဥက္ကဋ္ဌ မောင်မောင်ကြီးက လူများကို စုစည်းပို့ဆောင်ပေးခဲ့ပါတယ်။ ပို့ဆောင်ပေးခဲ့တဲ့သူများကတော့-

(က) ၂၀၀၀ ပြည့်နှစ်ခန့်မှာ ပုဇွန်တောင်မြို့နယ် ရေကျော်နေ (ဗကပ) သန့်ဇင် (ရခိုင်လူမျိုး၊ ရခိုင်ပြည်နယ်၊ ဂွမြို့ဇာတိ)

(ခ) ၂၀၀၆ ခုနှစ်မှာ ခွန်မြင့်ထွန်း (သထုံ NLD)နဲ့ တိုးလွင် (ပုသိမ် NLD ဗဟိုလူငယ်)

(ဂ) ၂၀၀၈ ခုနှစ် သင်္ကြန်အပြီးမှာ **NGD** အဖွဲ့ဝင်တစ်ဦး။

၂၀၀၇ ခုနှစ် စက်တင်ဘာ လှုပ်ရှားမှုအပြီးမှာ ဂျပန်နိုင်ငံမှာရှိတဲ့ မြင့်ဦးက ပြည်တွင်းရှိ **NGD** အတွင်းရေးမှူးထံ ဖုန်းနဲ့ ဆက်သွယ်ပြီး ဖောက်ခွဲရေးသင်တန်းပေးဖို့ လူတစ်ယောက် ရှာခိုင်းတဲ့အတွက် **NGD** အဖွဲ့ဝင်တစ်ဦးကို ဦးမောင်မောင်ကြီးက မဲဆောက်သို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ အဲဒီပုဂ္ဂိုလ်ကို မဲဆောက်ရှိ ABSDF အဖွဲ့ဝင် ဇော်မင်းရဲ့နေအိမ်မှာ မိုးသီးဇွန်က အဆောက်အအုံအခြေအနေအပေါ်မူတည်ပြီး ယမ်းသုံးစွဲရမယ့်ပမာဏနဲ့ ဖောက်ခွဲရေးသင်ခန်းစာတွေကို ရှင်းလင်းသင်ပြပေးခဲ့ကြောင်း၊ အဲဒီနောက် ABSDF အဖွဲ့ဝင်ကတ်ကို နန္ဒအမည်နဲ့ ပြုလုပ်ပေးခဲ့ပြီး KNU ဌာနချုပ်မှာ ဖောက်ခွဲရေး သင်တန်းတက်ရောက်စေခဲ့ကြောင်း၊ အဲဒီသင်တန်းမှာ လက်နက်ငယ် သင်တန်းကိုပါ ပို့ချပေးခဲ့ပြီး သင်တန်းမှာ ပြည်တွင်းမှာ ဝယ်ယူလို့လွယ်ကူတဲ့ ပစ္စည်းတွေနဲ့ မိုင်းပြုလုပ်နည်း၊ဖောက်ခွဲနည်းများကို သင်ကြားပေးခဲ့တယ်လို့ သိရှိရပါတယ်။ အဲဒီ ဖောက်ခွဲရေး သင်တန်း တက်ခဲ့သူကိုလည်း ကျွန်တော်တို့ လုံခြုံရေးအဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ဖြစ်ပါတယ်။

ဒုတိယဆောင်ရွက်ချက်ကတော့ NGD ဥက္ကဋ္ဌ ဒေါက်တာသက်လွင်ဟာ ၂၀၀၅ ခုနှစ် ဇူလိုင်လခန့် (ရက်မမှတ်မိ)မှာ မြန်မာ့နိုင်ငံရေး သုံးသပ်ချက်နှင့် မဟာဗျူဟာစာတမ်းကို ပြုစုပြီး တစ်ဖက်နိုင်ငံသို့ ပေးပို့ခဲ့ပါတယ်။ အဲဒီစာတမ်းကို ဒေါက်တာသက်လွင်၊ မောင်မောင်ကြီးတို့မှ ပြုစုခဲ့တာဖြစ်ပြီး စာတမ်းအကျဉ်းချုပ်ကတော့ ကမ္ဘာ့နိုင်ငံကြီးများအနေနဲ့ မြန်မာပြည် ဒီမိုကရေစီရရှိရေးအတွက် အာရုံစူးစိုက်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးဖို့ ပြည်ပအဖွဲ့အစည်းများဖြစ်တဲ့ **NCGUB , NCUB , FDB** စတဲ့ အဖွဲ့အစည်းများကို တိုက်တွန်းချက်များ၊ လက်ရှိနိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးအခြေအနေများကို သုံးသပ်တင်ပြထားချက်များ ပါဝင်ပါတယ်။ ဒါ့အပြင် ပြည်တွင်းနိုင်ငံရေး အင်အားစုများ အကွဲကွဲ အပြားပြား ဖြစ်ပေါ်နေတဲ့အပြင် NLD-CEC နဲ့ အောက်ခြေ NLD များ သဘောထားကွဲလွဲခြင်း၊ CRPP နဲ့ NLD ခေါင်းဆောင်ပိုင်း သဘောထားကွဲလွဲခြင်းတို့ကြောင့် ဒီမိုကရေစီရရှိရေး ကြိုးပမ်းမှုများ တိုးတက်မှုမရှိဘဲ နှောင့်နှေးကြန့်ကြာလျက်ရှိကြောင်း၊ ဒါ့ကြောင့် ပြည်ပရှိ ဒီမိုကရေစီနိုင်ငံရေးအင်အားစုများအနေနဲ့ တစည်းတလုံးတည်း စုပေါင်းပြီး **ပြည်ထောင်စုအစိုးရဖွဲ့စည်းရေး**နဲ့ ပြည်တွင်း လက်နက်ကိုင် အင်အားစုများ စုပေါင်းကာ **ပြည်ထောင်စုတပ်မတော် ဖွဲ့စည်းပြီး** နိုင်ငံရေး၊ စစ်ရေးအရ လက်ရှိအစိုးရကို ထိုးနှက်သွားကြဖို့ တိုက်တွန်းထားချက်များပါဝင်ပြီး စာတမ်းကို မောင်မောင်ကြီးက တစ်ဖက်နိုင်ငံသို့ သွားရောက်ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

အဲဒီစာတမ်း **FTUB** ပြည်သစ်ညွှန့်ဝေထံ ရောက်ရှိသွားတဲ့အခါ အရေးပေါ် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြပြီး အစည်းအဝေးကို NLD-LA , KNU , FDB , DAB ပြည်ပရောက် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြပါတယ်။ အဲဒီအစည်းအဝေးမှာ DAB အဖွဲ့ အတွင်းရေးမှူး ဒေါက်တာကျော်ညွန့်က ဒေါက်တာသက်လွင်ဟာ ယခင်က ၎င်း၏ ဥက္ကဋ္ဌတစ်ဦးဖြစ်ပြီး သူဟာ ဒေါက်တာသက်လွင်ရဲ့ တာဝန်ပေးချက်အရ တစ်ဖက်နိုင်ငံသို့ ရောက်လာခြင်းဖြစ်တယ်လို့ ထောက်ခံပြောဆိုခဲ့ကြောင်း၊ အဲဒီအစည်းအဝေးမှာ ပြည်ထောင်စုတပ်မတော် ဖွဲ့စည်းရေးအတွက် KNU မှ တာဝန်ယူဆောင်ရွက်မယ်လို့ သဘောတူကြပြီး ပြည်ထောင်စုအစိုးရ ဖွဲ့စည်းရေးအတွက်ကိုတော့ ဆုံးဖြတ်ချက် မချရသေးကြောင်းသိရပါတယ်။ ဒါ့ကြောင့် အဲဒီစာတမ်းနဲ့ပတ်သက်ပြီး တစ်ဖက်နိုင်ငံ မဲဆောက်မြို့မှာ ပြည်ပအဖွဲ့ အစည်းများ ညှိနှိုင်းခဲ့ကြပေမယ့် အချိန်အတော်ကြာသည်အထိ သဘောတူညီချက် မရဘူးလို့ ဆိုပါတယ်။ ဒါကို ဒေါက်တာသက်လွင် သိတဲ့အခါ ပြည်ထောင်စုအစိုးရ ဖွဲ့စည်းရေး မဖြစ်ပေါ်နိုင်သေးရင် ပြည်ထောင်စု တပ်မတော် ဖွဲ့စည်းရေးကို ဖြစ်မြောက်အောင် ဖွဲ့စည်းဖို့နဲ့ နှစ်ခုမရနိုင်ရင် တစ်ခုရအောင်တော့ လုပ်ပါဆိုပြီး ပြည်သစ်ညွှန့်ဝေနဲ့ KNU အဖွဲ့သို့ တိုက်တွန်းခဲ့ကြောင်း၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ပြည်သစ်ညွှန့်ဝေက နှစ်ခုလုံး ရအောင်ကြိုးစားနေတယ်လို့ ပြန်လည် အကြောင်းကြားခဲ့ကြောင်း ဖော်ထုတ်ရရှိပါတယ်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❁



မျိုးဆက်သစ် မဟာမိတ်အဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိမှုကို ပြသထားစဉ်။ (သတင်းစဉ်)

ဖောက်ခွဲရေးပစ္စည်းတွေ ပြည်တွင်းကိုပေးပို့ခဲ့သူ၊ လက်ခံသိမ်းဆည်းထားသူ၊ ဖောက်ခွဲမယ့်သူတွေကို ဖမ်းဆီးထိန်းသိမ်းထား ကျန်တရားခံတွေကိုလည်း ပြည်သူလူထုအကူအညီနဲ့ ဆက်လက်ဖော်ထုတ်နေဆဲဖြစ်ကြောင်း အသိပေးပြောကြားလို

❀ စာမျက်နှာ ၁၂ မှ

တတိယဆောင်ရွက်ချက်ကတော့ နိုင်ငံတော်ရဲ့ ထိပ်တန်းလျှို့ဝှက်ချက်တွေကို လေ့လာစုံစမ်းပြီး ပြည်ပမှာရှိတဲ့ မြင့်ဦး(ဂျပန်)နဲ့ အေးမင်း(အမေရိကန်)တို့ကတစ်ဆင့် မိုးသီးဇွန်၊ ပြည်သစ်ညွန့်ဝေနဲ့ အချို့နိုင်ငံခြားသံရုံးများကိုလည်း ပေးပို့ခဲ့ကြောင်း ဖော်ထုတ်ရရှိပါတယ်။

စတုတ္ထဆောင်ရွက်ချက်ကတော့ ၂၀၀၈ခုနှစ် ဇွန်လခန့်မှာ ဂျပန်နိုင်ငံရှိ မြင့်ဦးနဲ့ အမေရိကန်ရှိ ဒေါက်တာအေးမင်းတို့က ပြည်တွင်းမှာ အစိုးရလှုပ်ရှားမှုများ ကြိုတင်သိရှိရန်နဲ့ မြန်မာနိုင်ငံဒီမိုကရေစီရရှိရေး ဆောင်ရွက်တဲ့အဖွဲ့များအားလုံးကို အကာအကွယ်ပေးဖို့အတွက် ပြည်တွင်းမှာ ထောက်လှမ်းရေး ကွန်ရက်တစ်ခု တည်ဆောက်ဖို့ လိုအပ်နေကြောင်း၊ သင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံအစိုးရထံ အကူအညီတောင်းခံဖို့ မြင့်ဦးက အကြံပြု ပြောကြားခဲ့ကြောင်း၊ သင်တန်းကုန်ကျစရိတ်ကိုဒေါက်တာအေးမင်းနဲ့ မြင့်ဦးတို့ကကျခံမှာဖြစ်ပြီး သင်တန်းသားများကို ပြည်တွင်းမှစီစဉ်ပေးမှာ ဖြစ်ကြောင်း ဖော်ထုတ်ရရှိပါတယ်။ သူတို့ဆောင်ရွက်နေတယ်ဆိုတဲ့ထောက်လှမ်းရေးကွန်ရက်ကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဖော်ထုတ်ရရှိပြီးဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

နောက်ဆုံးဆောင်ရွက်ချက်တစ်ခုကတော့ ၂၀၀၈ ခုနှစ် ဇွန်လခန့်က နေပြည်တော်တွင် ဖောက်ခွဲရေးစီမံချက်ကို ပြည်ပအဖွဲ့အစည်းများမှ မိုးသီးဇွန်၊ မြင့်ဦး (ခ) မောင်ဦးတို့မှ ဦးဆောင်ရေးဆွဲခဲ့ပြီး အဲဒီစီမံချက်အောင်မြင်စေဖို့အတွက် တစ်ဖက်နိုင်ငံ မဲဆောက်မှာ အခြေပြုပြီး မိုးသီးဇွန်၊ ဇော်မင်း(ဗကသ)တို့ အဖွဲ့က အနီးကပ်ကြီးကြပ် ဆောင်ရွက်နေကြောင်း ဖော်ထုတ်သိရှိရပါတယ်။

၂၀၀၈ ခုနှစ် ဇူလိုင်လဆန်းပိုင်းကစပြီး NGD အဖွဲ့ဝင်များ ထိန်းသိမ်းမခံရမီအချိန်ထိ ဂျပန်နိုင်ငံရှိ မြင့်ဦးက NGD အဖွဲ့ဝင်တွေထံ တစ်ပတ်လျှင်(၂)ကြိမ် (၃)ကြိမ်ခန့် ဖုန်းဆက်ခဲ့ကြောင်း၊ အဆက်အသွယ်ပြုရာမှာ မြင့်ဦးက သူနဲ့အတူ ဒေါက်တာအေးမင်းတို့၂၀၀၈ခုနှစ် စက်တင်ဘာလအတွင်း ငွေများယူဆောင်လာပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ လာရောက်မှာ ဖြစ်ကြောင်း၊ မဲဆောက်မြို့မှာ မိုးသီးဇွန်၊ မင်းဇော်ပါ (ABSDF) အဖွဲ့တို့ စုစည်းပြီး နေပြည်တော်ရှိ ဆည်များ၊ ဝန်ကြီးဌာနရုံးများ၊ အစိုးရအဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးဖို့ စီစဉ်ထားတဲ့ စီမံကိန်းကို စနစ်တကျအကောင်အထည် ဖော်နိုင်ရေးအတွက် မဲဆောက်မြို့မှာ ရုံးခန်းဌား ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ရာမှာ လူသစ်များထပ်မံစုဆောင်းခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ ပညာရှင်များအားခေါ်ယူသင်ကြားစေခြင်း၊နေပြည်တော်တစ်ဝန်းမှာ ၎င်းတို့ရဲ့ အမာခံများမြုပ်နှံခြင်း၊ ထောက်လှမ်းရေးသတင်းအချက်အလက်များ စုဆောင်းခြင်းတို့ကိုပြုလုပ်မှာဖြစ်ကြောင်း၊ဒါ့အပြင် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ တရားမဝင် ရောက်ရှိနေတဲ့ အလုပ်သမားများအတွင်း စိတ်ဝင်စားသူများကို စည်းရုံးသိမ်းသွင်းပြီး ဖောက်ခွဲရေးသင်တန်း၊ လက်နက်ငယ်သင်တန်း၊ လူထုစည်းရုံးရေးသင်တန်း အစရှိသောသင်တန်းများ ပေးသွားမှာဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါတယ်။

နိုင်ငံရေးနှင့်ပတ်သက်သော စာအုပ်များ

နိုင်ငံရေးအန်တုမှု သင်ခန်းစာ၊ ဖောက်ခွဲရေးသင်ခန်းစာ၊ ဗကပ အထွေထွေအတွင်းရေးမှူး အစီရင်ခံစာ၊ CIA ထုတ်မြို့ပြ ပြောက်ကျားလုပ်နည်း၊ မြေအောက်လုပ်ငန်းလမ်းညွှန်၊ မြို့တွင်းပြောက်ကျားနှင့် နိုင်ငံရေးဟောပြောမှု စာရွက်စာတမ်းများ စာအုပ်များကို တွေ့ရစဉ်။
(အပေါ်ပုံနှင့်ယာပုံ) (သတင်းစဉ်)

သတင်းစာဆရာကြီးများနှင့် ညှိသည်တော်ကြီးများခင်ဗျား-

ဒီနေရာမှာ နေပြည်တော်ဖောက်ခွဲဖျက်ဆီးရေးစီမံကိန်းကို ရေးဆွဲကြိုးကိုင်ခဲ့တဲ့ ပြည်ပရောက် မျိုးသန်းထွဋ်(ခ)မိုးသီးဇွန်အကြောင်း အနည်းငယ် ဖြည့်စွက်တင်ပြလိုပါတယ်-

မျိုးသန်းထွဋ်(ခ) မိုးသီးဇွန်ဟာ ဦးမျိုးမြင့်နဲ့ ဒေါ်ညွန့်မေတို့မှ ၃၀-၆-၁၉၆၂ ရက်မှာ ကျောက်တံခါးမြို့နယ် ဖဒိုကျေးရွာမှာ မွေးဖွားခဲ့ပြီး မွေးချင်းငါးဦးအနက် တတိယမြောက်သား ဖြစ်ပါတယ်။ ငယ်စဉ်က သဃ်န်းကျွန်းမြို့နယ်ရှိ လေးဒေါင့်ကန်မူလတန်းကျောင်း၊ အလက (၂) နှင့် အထက (၁) တို့တွင် ဒသမတန်းထိ ပညာသင်ကြားခဲ့ပါတယ်။ ၁၉၈၂ ခုနှစ်မှာ ဒသမတန်းအောင်မြင်ခဲ့ပြီး ၁၉၈၇ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့(ရူပဗေဒ)ကို ရရှိခဲ့ပါတယ်။ ဘွဲ့ရရှိပြီးစာတ်ဆီဆိုင်လုပ်သား၊မီးသွေးရောင်း၊ပလတ်စတစ်စက်ရုံနေ့စားလုပ်သားအဖြစ်လုပ်ကိုင်ခဲ့သူ ဖြစ်ပါတယ်။

မိုးသီးဇွန်ဟာ ၁၉၈၈ခုနှစ် မတ်လ ကျောင်းသားလှုပ်ရှားမှုမှာ ပါဝင်ခဲ့ပြီး ၂၁-၆-၁၉၈၈ ရက်က ရန်ကုန်တက္ကသိုလ်၊ အဓိပတိလမ်းမနဲ့ ၂၂-၆-၁၉၈၈ရက်က ရန်ကုန်စက်မှုတက္ကသိုလ်တို့မှာလှည့်လည်ဟောပြောခဲ့ရာမှ ကျောင်းသားခေါင်းဆောင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပါတယ်။ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီကျေးရွာဘက် ခေတ္တတိမ်းရှောင်နေခဲ့ပြီး ၁၉၈၈ ခုနှစ် ဇူလိုင်လအတွင်း မြေပေါ်နိုင်ငံရေး လုပ်ဆောင်ရန် ရည်ရွယ်ချက်နဲ့ ရန်ကုန်ကို ပြန်လည်ဝင်ရောက်ခဲ့ပါတယ်။ ၂၈-၈-၁၉၈၈ ရက်မှာ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ (ယာယီ) ရဲ့ အထွေထွေ အတွင်းရေးမှူး အဖြစ် ထမ်းဆောင်ခဲ့ပါတယ်။ ၁၃-၁၀-၁၉၈၈ရက်မှာ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီကို မှတ်ပုံတင်ပြီး ပါတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ၁၃-၃-၁၉၈၉ ရက်က ရန်ကုန်တက္ကသိုလ် ဝင်းအတွင်း မကသဖမှ ဦးစီးကျင်းပတဲ့ ဖုန်းမော်နှစ်ပတ်လည်နေ့ အခမ်းအနားမှာ တက်ရောက် ဟောပြောခဲ့ပါတယ်။ မိုးသီးဇွန်ဟာ နိုင်ငံခြားသံရုံး အရာရှိများနဲ့ အကြိမ်ကြိမ်တွေ့ဆုံခြင်း၊ နိုင်ငံတော်အစိုးရအပေါ် အကြည်ညိုပျက်စေရန်နဲ့ ပြည်သူတွေ အထင်အမြင် လွဲမှားစေဖို့ ရည်ရွယ်ချက်နဲ့ စည်းရုံးဟောပြော ဆန့်ကျင်ဝါဒဖြန့်တာကြောင့် သက်ဆိုင်ရာမှလေးကြိမ်တိုင်တိုင် ခေါ်ယူသတိပေး လက်မှတ်ရေးထိုးစေခဲ့ပါတယ်။ မိုးသီးဇွန်ဟာ ၂၂-၄-၁၉၈၉ရက်မှာ ပါတီဥက္ကဋ္ဌအဖြစ်က နုတ်ထွက်ခဲ့ပြီး၁၉၈၉ ခုနှစ်၊ ဧပြီလ တတိယပတ်ခန့်မှာ ထိုင်း-မြန်မာနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ပါတယ်။ အဲဒီကမှ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) မှာ ဥက္ကဋ္ဌအဖြစ် ပါဝင်လှုပ်ရှား နေခဲ့သူဖြစ်ပါတယ်၊ယခုအခါ အမေရိကန်မှာ နေထိုင်ပြီး ပြည်ပဆန့်ကျင်ဘက်အဖွဲ့အစည်းများကို ဆရာကြီးလုပ် အကြံပေးတဲ့ လုပ်ရပ်တွေ၊ မဲဆောက်ကို လာရောက်ပြီးပြည်သူလူထုထိတ်လန့်ချောက်ချားစေရန်ဖောက်ခွဲရေးသမားများကို စေလွှတ်ဖောက်ခွဲမယ့်အစီအမံတွေကို ကြိုးကိုင်ဆောင်ရွက်နေသူတစ်ဦးဖြစ်တဲ့အတွက် ပြည်ဖျက်လုပ်ငန်းကို တစိုက်မတ်မတ် ဆောင်ရွက်နေသူ ဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ သူ့ရဲ့ ပြည်ဖျက်လုပ်ရပ်တွေကြောင့် နိုင်ငံတော်က မျက်ကွယ်မှာ ထောင်ဒဏ် တစ်သက်တစ်ကျွန်း (၂၅)နှစ် ပြစ်ဒဏ်ချမှတ်ခံထားရသူဖြစ်ပါတယ်။

သတင်းစာဆရာကြီးများနှင့် ညှိသည်တော်ကြီးများခင်ဗျား-

မျိုးဆက်သစ်မဟာမိတ်များအဖွဲ့ NGD မှ ဒေါက်တာသက်လွင်နဲ့ အတွင်းရေးမှူးတို့ဟာ ပြည်ပရှိ နိုင်ငံရေးအင်အားစုများနဲ့ညှိနှိုင်းပြီး ပြည်တွင်းနိုင်ငံရေး လှုပ်ရှားမှုများကို ဖော်ဆောင်ဖို့ **အင်္ဂါဆုတောင်းအဖွဲ့ဝင်**များကို ဝင်ရောက်ထိုးဖောက်စည်းရုံးထားရှိကြောင်း၊ သူတို့က တစ်ဆင့် “၈၈” မျိုးဆက်ကျောင်းသားအဖွဲ့ကို ချဉ်းကပ်ပြီး ငါးလွှတ်ပွဲများ၊ ရှစ်လေးလုံး အထိမ်းအမှတ်ပွဲများ၊ လမ်းလျှောက် ဆန္ဒပြပွဲများမှာ NGD အဖွဲ့ဝင်တွေက ချိတ်ဆက်ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ ဒါ့အပြင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အချို့ကို ချဉ်းကပ်စည်းရုံးကာ လွှတ်တော်ခေါ်ယူဖို့ တိုက်တွန်းတဲ့စာကို လက်မှတ်ရေးထိုးစေခြင်း၊ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြတဲ့အပြင် စည်သူမောင်၊ ရဲမြတ်ဟိန်း၊ ဒီဗြိမ်းလင်းတို့ ပါဝင်တဲ့ ၂၀၀၇ ဗကသအဖွဲ့ကို စက်တင်ဘာ သံဃာလှုပ်ရှားမှုမှာ ပါဝင်လာရေး ချဉ်းကပ်စည်းရုံးဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်ရရှိပါတယ်။

NGD အဖွဲ့ဟာ ပြည်တွင်းဆူပူအုံကြွမှုများ လှုပ်ရှားဆောင်ရွက်ရေးအတွက်ပြည်ပရှိဆန့်ကျင်ဘက်အဖွဲ့အစည်းများထံမှ ငွေကြေးထောက်ပံ့မှုများ ရယူခဲ့ရာမှာ NGD ဒုဥက္ကဋ္ဌ ဦးမောင်မောင်ကြီးဟာ တစ်ဖက်နိုင်ငံရှိဆန့်ကျင်ဘက်အဖွဲ့အစည်းများဖြစ်တဲ့ KNU မှ ဘတ်ငွေ၃၆၀၀၀၀၊ လူပို့ဆောင်ခ ငွေကျပ် ခြောက်သိန်းခုနစ်သောင်း ရယူခဲ့ကြောင်း၊ ဒါ့အပြင် NGD အတွင်းရေးမှူးဟာ ဂျပန်နိုင်ငံရှိ မြင့်ဦးထံမှငွေကျပ်၁၃သိန်း၊ အမေရိကန်နိုင်ငံရှိ ဒေါက်တာအေးမင်းထံမှ ငွေကျပ်ငါးသိန်းတို့ကို ရယူခဲ့ကြောင်း ဖော်ထုတ်ရရှိပါတယ်။

NGD အဖွဲ့ဝင်များဟာ ပြည်ပရှိဆန့်ကျင်ဘက်အဖွဲ့အစည်းများထံမှ ရရှိတဲ့ ထောက်ပံ့ငွေများနဲ့ ၎င်းတို့အဖွဲ့ရဲ့ ရန်ပုံငွေများအနက် NGD အဖွဲ့ လုပ်ငန်းများဆောင်ရွက်ရာမှာ NLD ထုတ်ပယ်ခံများကို ထောက်ပံ့ငွေကျပ်၁၈သိန်း၊ အဖွဲ့ဝင်များ ပြည်ပသင်တန်းတက်ရန် စရိတ်ထောက်ပံ့ ငွေကျပ်တစ်သိန်း၊ ပြည်တွင်းမှ NLD အဖွဲ့ဝင်များကို တစ်ဖက်နိုင်ငံသို့ ပို့ဆောင်စရိတ် ငွေကျပ်တစ်သိန်း၊ နေပြည်တော် ဖောက်ခွဲရေးအတွက် ငွေကျပ်ငါးသိန်းစုစုပေါင်း ငွေကျပ် ၂၅သိန်း သုံးစွဲခဲ့ကြောင်း ဖော်ထုတ်ရရှိပါတယ်၊

NGD အဖွဲ့ဝင်များဟာ **သံရုံးများနဲ့ဆက်သွယ်ပြီး** အောက်ပါလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်ရရှိပါတယ်-

(က) ၂၀၀၅ခုနှစ် ဧပြီလ သင်္ကြန်ကာလအကုန်မှာ နိုင်ငံတော်နဲ့ပတ်သက်တဲ့ လုံခြုံရေးဆိုင်ရာ အကြောင်းအရာများကို ကျော်ကျော်နဲ့ အောင်သူငြိမ်းတို့က ထိုင်းနိုင်ငံ ဗန်ကောက်ရှိ အနောက်နိုင်ငံသံရုံးကြီးတစ်ခုသို့သွားရောက်ပေးပို့ခဲ့ကြောင်း ထွက်ဆိုပါတယ်။

(ခ)NGD အတွင်းရေးမှူးဟာ ထိုင်းနိုင်ငံမှာရှိတဲ့ အနောက်နိုင်ငံ သံရုံးကြီးကို ပေးပို့ထားတဲ့ နိုင်ငံတော် လုံခြုံရေးဆိုင်ရာ စာတမ်းကို ၂၀၀၆ ခုနှစ် နိုဝင်ဘာလခန့်မှာ အိမ်နီးချင်းနိုင်ငံတစ်ခုရဲ့ သံမှူးထံ ထပ်မံသွားရောက်တွေ့ဆုံပြီး ပေးအပ်ခဲ့တဲ့အတွက် အဲဒီသံရုံးစီးပွားရေးသံမှူးက ဒေါ်လာ၁၅၀၀၀ ဖိုးကျောက်မျက်ရတနာများ ချီးမြှင့်ပေးခဲ့ကြောင်း သိရှိရပါတယ်။

သတင်းစာဆရာကြီးများနှင့် ညှိသည်တော်ကြီးများခင်ဗျား-

အထက်က ကျွန်တော်ရှင်းပြခဲ့တဲ့ ပြည်တွင်း/ပြည်ပ ချိတ်ဆက်ပြီး နိုင်ငံတော်အစိုးရ ပြုတ်ကျရေးအတွက်ပြည်ပနိုင်ငံများနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများကို ဆရာတင်ပြီး နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်မှုတွေအကြမ်းဖက်မှုတွေကျူးလွန်ခဲ့တဲ့ NGD အဖွဲ့ရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ဒေါက်တာသက်လွင်၊ ဒုဥက္ကဋ္ဌ မောင်မောင်ကြီး(ခ) ဒယ်ဒီကြီးနဲ့ NGD အဖွဲ့ဝင်အချို့ကို ထိန်းသိမ်းထားပြီး ယင်းအဖွဲ့ရဲ့ ပြည်ဖျက်စီမံကိန်းတွေကို ကွင်းဆက်လိုက် ဖော်ထုတ်ခဲ့ရာမှာ လတ်တလော ဖောက်ခွဲဖျက်ဆီးရေးနဲ့ သံဃာ၊ လူထု ဆူပူအုံကြွမှုဖြစ်အောင် လုပ်ဆောင်ချက်တွေကို သက်သေခံ ပစ္စည်းများနဲ့ အတူ ဖော်ထုတ်ရရှိခဲ့တာတွေကိုလည်း ဆက်လက်တင်ပြလိုပါတယ်။



ပြည်တွင်း /ပြည်ပရှိ NGD **အဖွဲ့ဝင်တွေဟာ နေပြည်တော်အပါအဝင် အလစ်အငိုက် ရရှိနိုင်တဲ့မြို့ကြီးတွေမှာ ဖောက်ခွဲဖျက်ဆီးရေးတွေလုပ်နိုင်ဖို့ ရန်ကုန်မြို့ကို ကြိုတင်ပေးပို့ထားတဲ့ ဒီတိုနီတာ ၅၄ခုနဲ့ ယမ်းကြိုးခွေများ၊ မိုင်းဖောက်ခွဲရာမှာအသုံးပြုတဲ့ဆက်စပ်ပစ္စည်းများ၊ ဖောက်ခွဲရေးသင်တန်းမှာပို့ချတဲ့ ဖောက်ခွဲရေးနည်းနာစာစောင်တွေကိုကျွန်တော်တို့လုံခြုံရေး တပ်ဖွဲ့ဝင်တွေက NGDအဖွဲ့ဝင် ကျော်ဇင်မင်း(ခ)ဇော်မိုးထံမှ ယခုစက်တင်ဘာလဆန်းမှာဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါတယ်။ ဒါ့အပြင် ဂြိုဟ်တုဖုန်း နှစ်လုံး၊ အိုင်ကွန်ဆက်သွယ်ရေးစက် (၂)လုံး၊ GSM ဖုန်းနှစ်လုံးအပါအဝင် ပြည်ပမှပေးပို့လာတဲ့ ဖောက်ခွဲရေးလုပ်ငန်းသုံးရန် ငွေကြေးအမြောက်အမြားကိုလည်း သိမ်းဆီးရမိခဲ့ပါတယ်။ ဒါ့ကြောင့် ပြည်သူများ အသက်၊ အိုးအိမ်၊ စည်းစိမ် ဆုံးရှုံးမှုကို လက်မတင်လေးကာကွယ် လိုက်နိုင်တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ဒီလိုဖောက်ခွဲရေးပစ္စည်းတွေပြည်တွင်းကို ပေးပို့ခဲ့သူ၊ လက်ခံသိမ်းဆည်းထားသူ၊ဖောက်ခွဲမယ့်သူတွေကို ဖမ်းဆီးထိန်းသိမ်းထားပြီး ကျန်တရားခံတွေကိုလည်း ပြည်သူလူထုအကူအညီနဲ့ ဆက်လက်ဖော်ထုတ်နေဆဲဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။**

ဒါ့အပြင် NGD အဖွဲ့ဝင်တွေ အနက် ပြည်ပမှာရှိတဲ့အကြမ်းဖက်အုပ်စုနဲ့ချိတ်ဆက်ပြီး ဒီနှစ်စက်တင်ဘာလအတွင်းမှာ ၂၀၀၇ ခုနှစ် စက်တင်ဘာလ သံဃာဆူပူလှုပ်ရှားမှုကဲ့သို့ ပြည်တွင်းဆူပူအုံကြွမှုတစ်ရပ် ထပ်မံ ပေါ်ပေါက်လာရန်အတွက် ဆောင်ရွက်နေတဲ့ဖြစ်စဉ် တစ်ခုကိုလည်း ဖော်ထုတ်နိုင်ခဲ့ပါတယ်၊ အဲဒီဖြစ်စဉ်ကတော့ **၂၀၀၈ခုနှစ် စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီ မိနစ်၂၀က မင်္ဂလာတောင်ညွန့်မြို့နယ်၊သာယာကုန်းရပ်ကွက်၊ ဗညားဒလလမ်းရှိ ယုဇနပလာဇာ တတိယထပ် ယာဉ်ရပ်နားစခန်းမှာ သံဃာလှုပ်ရှားမှုများဖြစ်ပေါ်အောင် ဆောင်ရွက်နေတဲ့ ၎င်းတို့အဖွဲ့မှ ကိုငယ် (ခ) ထွန်းနောင်ကို ဖမ်းဆီးရမိခဲ့ပါတယ်။ကိုငယ်(ခ)ထွန်းနောင်ဟာပုဇွန်တောင်ကျားသက်န်းတိုက်မှ ရှင်စန္ဒိမာ(ခ)အပုလေးဆိုသူ ဖြစ်ပြီး၂၀၀၇စက်တင်ဘာအရေးအခင်း၌ တက်ကြွစွာ ဆန္ဒပြခဲ့သူသံဃာတပ်ပေါင်းစု ဦးဆောင်သံဃာ ၁၇ပါးမှာ ပါဝင်သူတစ်ဦးဖြစ်ပါတယ်။ သူဟာ အရေးအခင်းပြီးနောက် မန္တလေးတိုင်းရှိ ဇာတိဆီဆုံကုန်းရွာကို တိမ်းရှောင်ခဲ့ပြီးနောက် ပြည်ပမှာသံဃာတပ်ပေါင်းစုဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့တဲ့ မဂ္ဂင်ကျောင်းတိုက်မှ ဦးပညာဇောတ(ခ)နတ်ဇောနဲ့ တွေ့ဆုံခဲ့ပါတယ်။ နတ်ဇောရဲ့ အကူအညီ အထောက်အပံ့နဲ့ ပြည်တွင်းကို သံဃာလှုပ်ရှားမှု ဖြစ်အောင်ဆောင်ရွက်ဖို့အရပ်ဝတ်နဲ့ပြန်လည်ဝင်ရောက်လာခဲ့တာ ဖြစ်ပါတယ်။**

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✻

၂၁ ရာစု ကိုလိုနီနယ်ချဲ့ ကျင့်သုံးဖော်ဆောင်ရေး ငွေကြေးအကြမ်းဖက်မှုကို နိုင်ငံငယ်များအတွင်း ပုဆိန်ရိုးများမှတစ်ဆင့် အဝမ္ပသွတ်သွင်းနေ

✻ စာမျက်နှာ ၁၃ မှ

ပြည်ပမှာ နိုင်ငံဆန့်ကျင်ရေး သင်တန်းတွေ တက်ရောက်ခဲ့ပြီး သံဃာလှုပ်ရှားမှုတွေမှာ သုံးဖို့ ဦးပညာဇောတက သူ့ထံကို ဇူလိုင်လမှာ ငွေကျပ် ၁၀ သိန်း၊ ဩဂုတ်လမှာ ငွေကျပ် ၂၅ သိန်း ပို့ပေးခဲ့တယ်လို့ သိရပါတယ်။ ကိုငယ်ဟာ မန္တလေး၊ ပခုက္ကူ၊ ကျောက်ပန်းတောင်း တစ်ဝိုက်မှာရှိတဲ့သံဃာများကို ၂၀၀၈ ခုနှစ် စက်တင်ဘာ သံဃာလှုပ်ရှားမှုဖြစ်ရန် လှည့်လည်စည်းရုံး ဆောင်ရွက်ခဲ့ကြောင်း၊ သူ့ရဲ့ တပည့်ဖြစ်သူများကိုတော့ ရန်ကုန်၊ သန်လျင်၊ ပုသိမ်၊ မော်လမြိုင်မှာရှိတဲ့ သံဃာတွေကို စည်းရုံးစေခဲ့ကြောင်း၊ ကိုငယ်ဟာ မေလ ၃ ရက်မှာ မန္တလေးကို ရောက်ရှိပြီး မန္တလေးရှိ အမာခံ သံဃာများနှင့်တွေ့ဆုံကာ နိုင်ငံရေးလှုပ်ရှားမှုများ ဆောင်ရွက်သွားဖို့ ပြောကြားခဲ့ကြောင်း၊ ဩဂုတ်လ ၁၃ ရက်နေ့က မန္တလေးကို ထပ်မံသွားရောက်ခဲ့ပြီး ၁၆-၈-၂၀၀၈ ရက်မှာ မြန်မာနိုင်ငံလုံးဆိုင်ရာ လွတ်လပ်သော သံဃာ့သမဂ္ဂအဖွဲ့ကို အဖွဲ့ဝင် သံဃာခုနစ်ပါးနဲ့ ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်ရရှိပါတယ်။

အဲဒီ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့သမဂ္ဂအဖွဲ့ကို ၁၆-၈-၂၀၀၈ ရက်မှာပဲ ကြေညာချက်အမှတ် (၁/၂၀၀၈)ကို ထုတ်ပြန်ဖွဲ့စည်းခဲ့ပါတယ်။ ၁-၉-၂၀၀၈ ရက်မှာ ကြေညာချက်အမှတ် (၂/၂၀၀၈) ထုတ်ပြန်ပြီး ဖမ်းဆီးသံဃာများကို စက်တင်ဘာ ၂၆ ရက် နောက်ဆုံးထား ပြန်လွှတ်ရန် တောင်းဆိုခဲ့ကြောင်း သိရပါတယ်။ အဲဒီ တောင်းဆိုချက်တွေမရရင် သူတို့ စည်းရုံးထားတဲ့ သံဃာတွေနဲ့ သံဃာလှုပ်ရှားမှုကို စက်တင်ဘာလ ၅ ရက်မှာ စတင်ပြုလုပ်ဖို့ ဆွေးနွေး သဘောတူထားကြတယ်လို့ သိရပါတယ်။ အဲဒီသတင်းတွေအရ မိမိလုံခြုံရေး တပ်ဖွဲ့ဝင်တွေက ပြည်သူတွေရဲ့အကူအညီနဲ့ ကြိုတင်ကာကွယ်တားဆီး ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့တဲ့အတွက် သူတို့ရဲ့ အကြံအစည်များဟာ လက်တလော ဆောင်ရွက်နိုင်ခွင့် မရခဲ့ဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ ပြည်သူများ အနေနဲ့ကလည်း နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းစေရေးအတွက် ဆက်လက် ဝိုင်းဝန်းကူညီပေးကြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

ဒ့ါအပြင် ပြည်ပက အကြမ်းဖက်သမားတွေဟာ ပြည်တွင်းနဲ့ချိတ်ဆက်ပြီး **မြန်မာနိုင်ငံလုံးဆိုင်ရာ မျိုးချစ်ဒီမိုကရက်တစ် တပ်ပေါင်းစု (ABDA-All Burma Democratic Alliance) မြေဩဇာအဖွဲ့၊ တရားမျှတမှု ဖော်ထုတ်ရေးအဖွဲ့ (Justice)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ လွတ်လပ်သော သံဃာ့သမဂ္ဂအဖွဲ့** စတာတွေကိုဖွဲ့စည်းစေပြီး ငွေကြေးများ ထောက်ပံ့ကာ ပြည်တွင်းနိုင်ငံရေး မငြိမ်မသက်ဖြစ်စေရန် Black Campaign, Red Campaign, No Campaign စတဲ့ လှုပ်ရှားမှုများအပြင် တက္ကသိုလ်ကျောင်းသားထု အတွင်း၊ ရဟန်းသံဃာထုအတွင်းနဲ့ စာသင်တိုက်များအတွင်း ဆန့်ကျင်လှုံ့ဆော်စာများ ဖြန့်ဝေခဲ့တာကို သက်သေခံအထောက်အထားတွေနဲ့အတူ ဖော်ထုတ် ရရှိထားပြီးဖြစ်ပါတယ်။

သတင်းစာဆရာကြီးများနှင့် ဧည့်သည်တော်ကြီးများခင်ဗျား-

တင်ပြပြီးဖြစ်တဲ့ ဖြစ်စဉ်ဖြစ်ရပ်များကို ခြုံငုံသုံးသပ်လိုက်ရင် ဖောက်ခွဲရေးသင်တန်း တက်ရာမှာပဲဖြစ်ဖြစ်၊ ဖောက်ခွဲဖျက်ဆီးမှုများကို ကျူးလွန်ရာမှာပဲဖြစ်ဖြစ်၊ ယမ်းတွေ စနက်တံတွေစတဲ့ ဖောက်ခွဲဖျက်ဆီးရေး ကိရိယာတွေနဲ့ ဖမ်းဆီးစစ်ဆေးခံရတာပဲဖြစ်ဖြစ် ဖြစ်စဉ်အားလုံးလိုလိုမှာ ရရှိထားတဲ့သတင်းတွေနဲ့ ကိုယ်တိုင်ထွက်ချက်တွေအရ NLD ပါတီဝင်အချို့ ပါဝင်ပတ်သက်နေတယ်ဆိုတာ ပကတိဖြစ်ရပ်တွေက ဖော်ပြနေပြီဖြစ်ပါတယ်။

တင်ပြခဲ့တဲ့ဖြစ်စဉ်များဟာ နိုင်ငံတော်အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေကြတဲ့ ပြည်တွင်း ပြည်ပက အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်ပြီး လှုပ်ရှားဆောင်ရွက်ရာက ဖြစ်ပေါ်လာတဲ့ ပကတိအခြေအနေများပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြည်တွင်းပြည်ပက ဆန့်ကျင်ဘက်အဖွဲ့အစည်းများဟာ ဒီမိုကရေစီရေးလှုပ်ရှားမှု၊ လူ့အခွင့်အရေးလှုပ်ရှားမှုများကို မျက်နှာဖုံးတပ်ထားပြီး ဒို့တာဝန်အရေး(၃)ပါးကို ထိခိုက်အောင်၊ ပြည်တွင်းပုဆိန်ရိုး သစ္စာဖောက်တွေကဆောင်ရွက်တဲ့ အကြမ်းဖက်မှုများ၊ အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်မှုများသာ ဖြစ်ပါတယ်။ ဖြစ်စဉ်အားလုံးကို တစ်ခုနဲ့တစ်ခု ဆက်စပ်ကြည့်လိုက်ရင် နိုင်ငံရေးပါတီ အမည်ခံထားသူ ပါတီတွေဟာလည်း နိုင်ငံရေး မဟာဗျူဟာကို မီးစတစ်ဖက် ရေမှုတ်တစ်ဖက်မှုနဲ့ ကိုင်စွဲကျင့်သုံးနေပြီး မြေပေါ်မြေအောက် ပုံစံနဲ့ လေ့နံနှစ်ဖက်နင်း လျှောက်နေတယ်လို့ ဆိုရမလိုဖြစ်နေပါတယ်။ အထူးသဖြင့် တရားဝင်တည်ရှိနေတဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် အသွင်သဏ္ဌာန်အရ နိုင်ငံရေးနည်းလမ်းနဲ့ ဟန်မပျက် ရုပ်ပြလှုပ်ရှားနေပေမယ့် တစ်ဖက်ကလည်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားရေး၊ အစိုးရပြုတ်ကျရေးအတွက် စစ်ရေးအသွင်သဏ္ဌာန်နဲ့ အကြမ်းဖက်လှုပ်ရှားမှုကို တစိုက်မတ်မတ် ဆောင်ရွက်နေတယ်ဆိုတာ မငြင်းသာအောင် ထင်ရှားလှပါတယ်။ ဒီအနှစ်သာရသဘောကို အကောင်အထည်ဖော်နိုင်ဖို့အတွက် OSI, NED, FDB စတဲ့ အဖွဲ့အစည်းများနဲ့ ချိတ်ဆက်ကာ အဲဒီအဖွဲ့အစည်း နောက်ကွယ်ကနေ ငွေအား၊ ပစ္စည်းအား၊ အကြံဉာဏ်အားတွေနဲ့ ကျားကန်ပေးနေတဲ့ နိုင်ငံကြီးအချို့ရဲ့ အထောက်အပံ့ အကူအညီများကို သွယ်ဝိုက်ရယူနေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါဟာ ဒီကနေ့ကမ္ဘာမှာ ပြောင်းလဲဖြစ်ပေါ်နေတဲ့ ၂၁ ရာစု ကိုလိုနီနယ်ချဲ့ ကျင့်သုံးဖော်ဆောင်ရေးအတွက် ငွေကြေးအကြမ်းဖက်မှု (Financing Terrorism)ကို နိုင်ငံငယ်များအတွင်း လက်ကိုင်တုတ် ပုဆိန်ရိုးများမှတစ်ဆင့်အဝမ္ပသွတ်သွင်းနေမှု သရုပ်သကန် ဖြစ်ရပ်မှန်ပဲ ဖြစ်ပါတယ်။ ဒီမဟာဗျူဟာ ကျင့်သုံးမှုကို ပြည်သူတစ်ရပ်လုံးက သတိတရားနဲ့ ရှုမြင်ကာကွယ်ကြဖို့ အထူးလိုအပ်နေပြီဖြစ်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

(သတင်းစဉ်)



ပုလဲ မြို့နယ် စည်ပင် သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အတွင်း (မြို့ပြ)အား/ကာလမ်းအဝင် ကွန်ကရစ် တံတားတည်ဆောက်နေမှုကို အမှုဆောင်အရာရှိ ဦးလှမြင့် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးဖြိုးမင်းဝင်း ရှင်းလင်း တင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အာမခံလုပ်ငန်း အရာထမ်းများနှင့် တွေ့ဆုံပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း အရာထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပ ရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် အစီအစဉ်အရ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်နှင့် ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်လုပ်ငန်း အခြေအနေများနှင့် မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများအနက် အာမခံထားရှိသော ယာဉ်၊ အဆောက်အအုံများအပေါ် လျော်ကြေးပေးချေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ဝန်ကြီးကနှစ်စဉ်လုပ်ငန်း လျာထားချက်များအပေါ် ပြည့်မီကျော်လွန်အောင် လုပ်ဆောင်နိုင်ရေးအတွက် အရာထမ်းများက ဝန်ထမ်းများနှင့် ပူးပေါင်းချိတ်ဆက်ပြီး လုပ်ဆောင်ရန်၊ အာမခံအမျိုးအစားသစ်များ တိုးချဲ့လုပ်ဆောင်နိုင်ရေး နည်းလမ်းများ ကြံဆရန်၊ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအနက် အာမခံထားရှိပြီး မပြီးပြတ်သေးသော အာမခံလျော်ကြေးငွေများကို မှန်ကန်မြန်ဆန်စွာပေးအပ်နိုင်ရေးဆောင်ရွက်သွားကြရန် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မြန်မာ့အာမခံလုပ်ငန်း အရာထမ်းများအား အမှာစကားပြောကြားစဉ်။

(ဘဏ္ဍာ/အခွန်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၉-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၂၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅း၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း စံပါပဲ (အပိုင်း-၁၃)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ လယ်တီဆရာတော်ကြီး၏ထေရုပ္ပတ္တိ -ဘဝဂံတောရတွင် တရားဆောက်တည်တော်မူခြင်း
- ၂၁။ မေးမြန်းစူးစမ်း
- ၂၂။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း-၄)**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖွဲ့အစည်းများက ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး လှုပ်ရှားမှု မျက်နှာဖုံးတပ်ပြီး ဒို့တာဝန်အရေး(၃)ပါးကို ထိခိုက်အောင်ဆောင်ရွက်တဲ့ အကြမ်းဖက်မှု၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်မှုများသာဖြစ်

နိုင်ငံရေးပါတီ အမည်ခံထားသူ ပါတီတွေ နိုင်ငံရေးမဟာဗျူဟာကို မီးစတစ်ဖက် ရေမှုတ်တစ်ဖက်မှု ကိုင်စွဲကျင့်သုံးနေပြီး မြေပေါ်မြေအောက်ပုံစံနဲ့ လှေနံနှစ်ဖက်နင်း လျှောက်နေတယ်လို့ ဆိုရမလိုဖြစ်နေ

ရွှေပြည်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့် ဖော်ထုတ်ဖမ်းဆီးရမိမှု အခြေအနေများနှင့် စပ်လျဉ်းပြီး ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ရှင်းလင်းပြောကြား

နေပြည်တော် စက်တင်ဘာ ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏သတင်းစာရှင်းလင်းပွဲ(၁/၂၀၀၈)တွင် ၂၀၀၈ ခုနှစ် ဇူလိုင် ၁ ရက်က ရွှေပြည်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဗုံးပေါက်ကွဲမှု ဖြစ်စဉ်နှင့် ဖော်ထုတ်ဖမ်းဆီးရမိမှု အခြေအနေများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ၂၀၀၈ခုနှစ် ဇူလိုင်၁ရက်တွင် ရွှေပြည်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့် ဖော်ထုတ်ဖမ်းဆီးရမိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

သတင်းစာဆရာကြီးများနှင့် ဧည့်သည်တော်ကြီးများခင်ဗျား-

နိုင်ငံတော်အစိုးရဟာ ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး အနာဂတ်မှာ စစ်မှန်၍စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နိုင်ဖို့ ဦးတည်ချက်ထားကာ ရှေ့လုပ်ငန်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်နေတာကို ဆန့်ကျင်လျက်ရှိတဲ့ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းတွေက မူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ အဆင့်တိုင်းမှာ ပျက်စီးအောင်ဆောင်ရွက်မယ်ဆိုတဲ့ ကြွေးကြော်သံနဲ့ နိုင်ငံရေးအရတစ်မျိုး၊ နိုင်ငံတကာ ဖိအားများကတစ်ဖုံ၊ လူ့အခွင့်အရေးအကြောင်းပြချက်တွေက တစ်နည်း၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုတွေကတစ်သွယ် ပြည်သူတွေ ထိတ်လန့်စိုးရိမ်ကြောင့်ကြမှု၊ အသက်အိုးအိမ်စည်းစိမ်အတွက် ခြိမ်းခြောက်မှုတွေကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိတာကိုလည်း အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီ ဆောင်ရွက်ချက်တွေရဲ့ ပြယုဂ်ဖြစ်တဲ့ ၂၀၀၈ ခုနှစ် ဇူလိုင် ၁ ရက်က ရွှေပြည်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့် ဖော်ထုတ်ဖမ်းဆီးရမိမှုအခြေအနေများနဲ့ နောက်ခံဖြစ်ရပ်အကြောင်းအရာများကိုပါ ဆက်စပ်ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။

ဇူလိုင် ၁ရက် နံနက်၆နာရီခွဲမှာ ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၆)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အောက်ထပ်ရှိ ရုံးခန်းအဝင်ဝမှာ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပါတယ်။ ပေါက်ကွဲမှုကြောင့် အသင်းရုံးအောက်ထပ်ရှိ ပြတင်းပေါက် ၁၁ ခု၊ တံခါးမကြီးတစ်ခု၊ ရုံးသုံးတယ်လီဖုန်း တစ်လုံး၊ လက်နှိပ်စက် တစ်လုံးနဲ့ အခန်းနံရံများပျက်စီးခဲ့ပါတယ်။

စစ်ဆေးချက်များအရ ဗုံးပေါက်ကွဲမှုဖြစ်စဉ်ဟာ ပြင်းအားကြီးတဲ့ လက်လုပ်ဗုံးဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံမှာ ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့ဖူးတဲ့ NLD ထန်းတပင် ဆက်သွယ်ရေးတာဝန်ခံ ရန်ရွှေ ဆိုသူနဲ့အဖွဲ့ပါဝင်ကြောင်း ဖော်ထုတ်သိရှိရပါတယ်။ ဒါ့ကြောင့် ရန်ရွှေ ကို ဖမ်းဆီးစစ်ဆေးနိုင်ဖို့ အဖွဲ့တွေခွဲပြီးရှာဖွေခဲ့ပါတယ်။ ရန်ရွှေအနေနဲ့ကလည်း တပ်ဖွဲ့ဝင်တွေက သူ့ကိုခြေရာခံမိပြီဆိုတာသိလို့ အမျိုးမျိုးကိုယ်ယောင်ဖျောက်ပြီး ထန်းတပင်မြို့နယ် ဝါးတစ်ရာရွာ၊ မှော်ဘီမြို့နယ် ရွှေလီရွာ၊ လှည်းကူးမြို့နယ် လက်ပန်ရွာ၊ မုဆိုးကျော်ရွာ၊ ရန်ကုန် လှိုင်သာယာ (၂) ရပ်ကွက်၊ ဒဂုံ(တောင်) (၁၀၇) ရပ်ကွက်၊ ဒဂုံတောင် (၅၆) ရပ်ကွက်၊ ကြည့်မြင်တိုင်၊ ဗားကရာဆိပ်ကမ်း စတဲ့နေရာအမျိုးမျိုးမှာ ပုံစံအမျိုးမျိုးနဲ့ ပြောင်းရွှေ့ခိုအောင်းနေပြီး နောက်ဆုံး ကြည့်မြင်တိုင်မြို့နယ် စက်ကလေးရွာကို ရောက်ရှိ ခိုအောင်းနေခဲ့ပါတယ်။ ရန်ရွှေအနေနဲ့ ငွေရေးကြေးရေးအခက်အခဲရှိလာတာကြောင့် ဗုံးဖောက်ခွဲခအကြွေးရဖို့ ကျန်နေတဲ့ငွေကို HRDP မြင့်အေးထံ သွားရောက်တွေ့ဆုံတောင်းဆိုရန် ဖြစ်တဲ့နည်းနဲ့ထွက်လာမယ်လို့ သတင်းရတဲ့အတွက် ၂၀၀၈ခုနှစ် ဩဂုတ်၃ရက်က ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက်ရပ် ကမ်းနားလမ်းတစ်ဝိုက်မှာ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက အသွင်ယူစောင့်ဆိုင်းခဲ့ရာ ရုပ်ဖျက်ထွက်လာတဲ့ ရန်ရွှေ ကို မွန်းလွဲ ၁၂နာရီ ၅မိနစ်မှာ ဖမ်းဆီးရမိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑

ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွေကြောင့် ရိုးသားစွာ လုပ်ကိုင်စားသောက်နေတဲ့ အပြစ်မဲ့ပြည်သူများ သေကျေမှုတွေ၊ ထိခိုက်ဒဏ်ရာရမှုတွေကို ရတက်မအေးဖွယ် ခံစားနေကြရတဲ့ အပြစ်များဟာ ပြည်တွင်းပြည်ပက နိုင်ငံတော်ကို ဆန့်ကျင်နေတဲ့ အကြမ်းဖက်သမားအဖွဲ့အစည်းများရဲ့ ဘယ်သူသေသေ ငတေမာရင်ပြီးရော စိတ်ဓာတ်နဲ့ နိုင်ငံတော် မတည်မငြိမ်ဖြစ်အောင်ဆိုတဲ့ လုပ်ရပ်များက ထွက်ပေါ်လာတဲ့ အကျိုးဆက်များပဲဖြစ်။